ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်း တရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၄ ရက် အင်္ဂါနေ့။ Tuesday, 19 May 2026 ၁၂၁၈၃

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် မေ ၁၈**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှု အားပေးစကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အောင်ပန်းမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအား ကြည့်ရှုအားပေးစကား ပြောကြားစဉ်။

## ယနေ့ ဖတ်စရာ


မြေဆီလွှာထက်သန်ဖို့ ကြီရွက်ခြောက်မြေဆွေး အသုံးပြုစို့ ဆောင်းပါး စာမျက်နှာ » ၆

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲ

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲ စာမျက်နှာ » ၇




သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၂/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ထိုက်တန်စွာ ချီးမြှင့်ပေးအပ် စာမျက်နှာ » ၁၀

ပို့ကုန် မြန်မာ့ကော်ဖီ တိုးတက်စိုက်ပျိုးခြင်းမှသည် နိုင်ငံခြားဝင်ငွေ ရှာကြမည် ဆောင်းပါး စာမျက်နှာ » ၁၃

(၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာမေးပွဲအောင် သာသနာ့အာဇာနည် အရှင်မြတ်များအား ချီးကျူးပူဇော်ပွဲ အခမ်းအနား ကျင်းပမည် စာမျက်နှာ » ၁၄





ကြေးမုံ

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တစ်ထောင့်တစ်နေရာမှအကျိုးပြု

အရှေ့အလယ်ပိုင်းပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းများ မြင့်တက်ခဲ့ရာ နိုင်ငံအလိုက် စက်သုံးဆီအခက်အခဲများ ပြေလည်စေရန် ဖြေရှင်းနေကြသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ဦးဆောင်မှု၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ စီမံဆောင်ရွက်မှုနှင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများမှာ ယခုအခါ အဆင်ပြေတည်ငြိမ်လာခဲ့ပြီး ဈေးနှုန်းများကို မျှတစွာ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

စက်သုံးဆီ(ဒီဇယ်ဆီ)အသုံးပြုမောင်းနှင်ရသည့် မော်တော်ယာဉ်များအနေဖြင့် ကုန်ပစ္စည်းများကို ပို့ဆောင်ပေးရာတွင် စားသောက်ကုန်နှင့် ကုန်စည်ဈေးနှုန်းများ ထိန်းညှိပေးရန် လိုအပ်လျက်ရှိသည့်အတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ဒီဇယ်ဆီ HSD (500 ppm) တင်သွင်းမှုအပေါ် ကောက်ခံသည့်အခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် နှစ်ရာခိုင်နှုန်းကို ဧပြီလ ၁ ရက်နေ့မှ ၃၀ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုခဲ့ပြီး ဆက်လက်၍ မေလ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စက်သုံးဆီဈေးနှုန်းနှင့်အတူ သဘာဝဓာတ်ငွေ့ရည်ဈေးနှုန်းများလည်း မြင့်တက်ခဲ့ပြီး ဓာတ်ငွေ့ရည်အသုံးပြုသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ ဓာတ်အားထုတ်လုပ်မှုစရိတ် လျော့ကျစေရေးနှင့် အများပြည်သူအတွက် ဓာတ်အားခဈေးနှုန်းများသက်သာစေရန် ထိန်းညှိဆောင်ရွက်ပေးလျက်ရှိသည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ရန်နှင့် ဓာတ်အားခဈေးနှုန်းများ သက်သာစေရေးအတွက် သဘာဝဓာတ်ငွေ့ရည်တင်သွင်းမှုအပေါ် ကောက်ခံသောအကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့ကိုလည်း မေလ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျော့ကျနိုင်စေရေးအတွက် ဓာတ်မြေဩဇာများ တင်သွင်းမှုအပေါ်ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန် နှစ်ရာခိုင်နှုန်းကို ဧပြီလ ၁ ရက်နေ့မှ ၃၀ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုခဲ့ပြီး ယင်းအခွန်ကင်းလွတ်ခွင့်ကို မေလ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုသွားမည်ဟုလည်း သိရသည်။ ကုန်သွယ်ကူးသန်းရောင်းဝယ်ကြသူများအနေဖြင့် နိုင်ငံတော်က ထိုသို့ဆောင်ရွက်ပေးမှုများအပေါ် စနစ်တကျ ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်က အများပြည်သူ စက်သုံးဆီအသုံးပြုမှု အဆင်ပြေချောမွေ့စေရေးအတွက် စဉ်ဆက်မပြတ် စီမံဆောင်ရွက်ပေးလျက်ရှိပြီး အထူးသဖြင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးကဏ္ဍများအတွက် စက်သုံးဆီများကို စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်ပေးလျက်ရှိသည်။ လူဦးရေထူထပ်သော ရန်ကုန်မြို့ရှိ အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အရေးပါသည့် YBS ယာဉ်များနှင့် Taxi ယာဉ်များအား သဘာဝဓာတ်ငွေ့ CNG ကို တစ်ကီလိုဂရမ်လျှင် ၂၇၃ ကျပ် ၂၅ ပြားနှုန်းဖြင့် ၂၀၀၇ ခုနှစ်ကဈေးနှုန်းအတိုင်း မပြောင်းလဲဘဲ ရောင်းချပေးလျက်ရှိသည်။ ထိုဈေးနှုန်းသည် နိုင်ငံတကာဈေးနှုန်းထက်သက်သာပြီး အာဆီယံတွင် အချိုသာဆုံးဈေးနှုန်းဖြစ်သည်။

CNG သုံး Taxi ယာဉ်များ အသုံးပြုခြင်းဖြင့် လောင်စာဆီကုန်ကျမှုသက်သာသဖြင့် CNG သုံး Taxi ယာဉ်များအနေဖြင့် နိုင်ငံတော်က စိုက်ထုတ်ပေးထားသည့်အခွင့်အရေးကို အများပြည်သူခံစားခွင့်ရရှိစေရန် အလေးထား ပူးပေါင်းဆောင်ရွက်ကြရန်လိုသည်။ YBS ယာဉ်များကိုလည်း အများပြည်သူသယ်ယူပို့ဆောင်ရေးအတွက် ခွင့်ပြုပေးထားသော လမ်းကြောင်းများအတွင်း၌သာ မောင်းနှင်၍ ဝန်ဆောင်မှုပေးနိုင်ရေးကို သက်ဆိုင်ရာတာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ပေးရန်လိုသည်။ မကြာမီကာလတွင် စက်သုံးဆီတင်သွင်းဖြန့်ဖြူးသည့် စနစ်တစ်ခုလုံးကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ထိန်းချုပ်နိုင်တော့မည်ဖြစ်ရာ နိုင်ငံတော်အနေဖြင့် စက်သုံးဆီဝယ်ယူတင်သွင်းရမှု များစွာလျော့နည်းသက်သာသွားပြီး တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်သုံးဆီသည် အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်ရာ အဆိုပါကဏ္ဍကို စနစ်တကျ ပိုမိုကောင်းမွန်စေရေးအတွက် နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ စက်သုံးဆီကဏ္ဍရှိ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လက်တွေ့လုပ်ကိုင် ဆောင်ရွက်ကြသူများကလည်း စေတနာအပြည့်အဝထားလုပ်ကိုင်ကြပြီး ပြည်သူလူထုကလည်း အသိတရားဖြင့် ပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ အကျိုးပြုမည်ဖြစ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု ငါးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် မေ ၁၈**

ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးသိန်းကိုကို၊ ဒေါ်ပြုံးပြုံးအေး၊ ဒေါ်စိုးခက်ခက်၊ ဒေါ်သင်းသင်းချိုတို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပ ရပ်ကွက် ချင်းတွင်းလမ်းရှိဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ် (၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၂/၂၀၂၆ (မွန်)၊ ၃/၂၀၂၆ (ရန်ကုန်)၊ ၄/၂၀၂၆ (ဧရာဝတီ)၊ ၅/၂၀၂၆(ရန်ကုန်) စုစုပေါင်း တရားမ အထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှုအမှတ် ၃၇/၂၀၂၅ (မန္တလေး)၊ ၅၆/၂၀၂၅ (ဧရာဝတီ)၊ ၆/၂၀၂၆ (ရန်ကုန်)၊ ၇/၂၀၂၆ (ကချင်)၊ ၁၅/ ၂၀၂၆ (ကရင်) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဗိုလ်တထောင်မြို့နယ်၌ ဥပဒေအသိပညာပေးရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် မေ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဥပဒေအသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းတွင် အမှတ်(၄) ရပ်ကွက် အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်းထိုက်က ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင့်ဇော်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအောင်မိုးကျော်က လွှတ်တော်ဥပဒေဆိုင်ရာကိစ္စရပ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဥပဒေအရာရှိ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး၊ မြို့နယ်အခွန်ဦးစီးဌာနမှူး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးတို့က သက်ဆိုင်ရာဥပဒေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များမေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြောင်းသိရသည်။ **ဇော်ဇော်နိုင်(ပြန်/ဆက်)**

## အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် မေ ၁၈**

ယနေ့ နံနက် ၈ နာရီ ၃၅ မိနစ် ၂၆ စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၂၇ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကျောက်တန်းမြို့နယ်၏ တောင်ဘက် ၉ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၆ ဒသမ ၅၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၃၄ ဒီဂရီ၊ အနက် ၄၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၅ ဒသမ ၂(M) အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း သိရသည်။

**မိုး/ဇလ**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် မေ ၁၈**

ယနေ့မွန်းတည့် ၁၂ နာရီ ၃၁ မိနစ် ၅၀ စက္ကန့်တွင် ဟားခါးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၅၇ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဂန့်ဂေါမြို့၏ အရှေ့-အရှေ့တောင်ဘက် ၁၀ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၁၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၃၁ ဒီဂရီ၊ အနက် ၃၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၅ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း သိရသည်။

**မိုး/ဇလ**

## ၁၈ - ၅ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၈ - ၅ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၃,၅၀၀ | ၁၃,၅၀၀ | ၁,၀၅၂ | ၁၄,၂၀၅,၅၀၀ |
| MTSH | ၆,၅၀၀ | ၆,၅၀၀ | ၆,၄၆၁ | ၄၁,၈၈၂,၄၀၀ |
| MCB | ၉,၄၀၀ | ၉,၃၀၀ | ၄၉၃ | ၄,၅၈၅,၂၀၀ |
| FPB | ၄,၄၀၀ | ၄,၅၀၀ | ၄,၂၃၅ | ၁၈,၈၉၄,၀၀၀ |
| TMH | ၃,၃၀၀ | ၃,၂၅၀ | ၇၈ | ၂၅၅,၀၅၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၃,၃၂၂ | ၅,၈၁၃,၅၀၀ |
| AMATA | ၃,၉၅၀ | ၃,၉၅၀ | ၉ | ၃၅,၅၅၀ |
| MAEX | ၄,၂၀၀ | ၄,၂၀၀ | ၁,၂၈၉ | ၅,၄၁၃,၈၀၀ |
| MADPL(PLB) | ၄,၀၀၀ | ၄,၀၀၀ | ၁၅၄ | ၆၀၈,၅၀၀ |
| ASPGB(PLB) | ၃၈,၅၀၀ | ၃၉,၀၀၀ | ၁၀၀ | ၃,၈၅၀,၅၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ညောင်ရွှေမြို့နယ် အင်းလေးဒေသ ရတနာစံကျောင်းတော်ကြီးရှိ အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားအား သွားရောက်ဖူးမြော်ကြည်ညို

## မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၈**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့နယ် အင်းလေးဒေသ ရတနာစံကျောင်းတော်ကြီးရှိအင်းလေးဖောင်တော်ဦးမြတ်စွာဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုများအား ကြည့်ရှုစစ်ဆေးကြသည်။

**အလှူငွေများလှူဒါန်း**

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖောင်တော်ဦး ဘုရားရုပ်ပွားတော်မြတ်ငါးဆူအား ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ဖူးမြော်ကြည်ညို ကန်တော့ပြီး ဘက်စုံပြုပြင် မွမ်းမံရန်အတွက် အလှူငွေများလှူဒါန်းရာ ဘုရားဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေး အပ်သည်။ ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦး ရင်ပြင်တော်ရှိ စိန်နှင့်မြကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဝိဇယအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ ငလျင်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ဘုရားရင်ပြင်တော်ရှိ နေပူခံကျောက်ပြားများ ကွဲအက်ပျက်စီးခြင်း၊ မုခ်ဦးများ၊ လှေကားများ၊ ကရဝိက်ဖောင်တော် ထားရှိရာအဆောက်နှင့် အခြားသာသနိကအဆောက်အအုံများ ပြိုကျပျက်စီးနေမှုများကို မူလလက်ရာမပျက် ပြန်လည်ပြုပြင် ထားရှိမှုများကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာ အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။

အင်းလေး ဖောင်တော်ဦး မြတ်စွာဘုရား ကိန်းဝပ်သီတင်းသုံးတော်မူရာရင်ပြင်တော်ရှိသာသနိကအဆောက်အအုံအချို့သည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ အဆိုပါ ပျက်စီးခဲ့မှုများအား နယ်မြေခံ ပြည်နယ်အင်ဂျင်နီယာများနှင့်အဖွဲ့များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ပညာရှင်များဖြင့် ဆွေးနွေးတိုင်ပင်၍ မူလလက်ယာမပျက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဆောင်ရွက်ပြီးစီးမှုအနေဖြင့် ရင်ပြင်တော်ရှိ နေပူခံကျောက်ပြားများခင်းခြင်း ၁၀၀ ရာခိုင်နှုန်း၊ ဖောင်တော်ဦးဘုရားမူလကျောင်းဆောင် အောက်ခြေသံကူကွန်ကရစ် ထပ်ပိုးခြင်း ၁၀၀ ရာခိုင်နှုန်း၊ မူလစံကျောင်းတော်အရှေ့ဘက်၊ အနောက်ဘက် မုခ်ဦးစောင်းတန်း လှေကားများ ၁၀၀ ရာခိုင်နှုန်း၊ မူလစံကျောင်းတောင်ဘက် မုခ်လှေကားနှင့် မြောက်ဘက်အာရုံခံတန်ဆောင်း ၁၀၀ ရာခိုင်နှုန်း၊ ကရဝိက်အဆောင် ၁၀၀ ရာခိုင်နှုန်း၊ မြောက်ဘက်မုခ်ရှိလှေကားအနေဖြင့် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီအပူဇော်ခံရန်အတွက် ပင်မစံကျောင်းတော်မှ ပင့်ဆောင်ရာတွင် အနည်းငယ်မတ်စောက်သည့်အတွက် လှေကားအသစ် ပြန်လည်တည်ဆောက်မှု ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရပြီး ဘုရားဖူးပြည်သူများ အန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

☆ **ရှေ့ဖုံးမှ**

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အောင်ပန်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူး၊ တပ်မတော်ပါရဂူများနှင့် ဆေးမှူးများ၊ တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တစ်ဦးချင်း ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှု အခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့်ကလေးကုသဆောင်သို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှု အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**စားသောက်ဖွယ်ရာများပေးအပ်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၏ဇနီး ဒေါ်နီလာ အမျိုးသမီးနှင့်ကလေးကုသဆောင်၌ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား ကြည့်ရှုအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

---



# ဘားအံမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စုများ၌ ဥပဒေအကြောင်း အသိပညာပေး

**ဘားအံ မေ ၁၈**

ဥပဒေရေးရာဝန်ကြီးဌာန၏ ရက်(၁၀၀)စီမံချက်အရ ကရင်ပြည်နယ် ဥပဒေချုပ် ဒေါ်နော်သန်းသန်းငြိမ်း ဦးဆောင်၍ ကရင်ပြည်နယ် ဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိများသည် ရပ်ကွက်/ကျေးရွာအုပ်စုများတွင် ဥပဒေအသိပညာပေးဆွေးနွေးဟောပြောပွဲများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မေ ၁၇ ရက် နံနက်ပိုင်းက ဘားအံမြို့နယ် မြိုင်ကလေးကျေးရွာနှင့် လှာကာကျေးရွာတို့တွင် ဥပဒေအသိပညာပေးဆွေးနွေးဟောပြောကြသည်။

ထိုသို့ဆွေးနွေးဟောပြောရာတွင် ပြည်နယ်ဥပဒေချုပ် ဒေါ်နော်သန်းသန်းငြိမ်းက ဥပဒေရေးရာဝန်ကြီးဌာန၏ ရက်(၁၀၀)စီမံချက်အကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဦးနိုင်ဝင်းက ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပါသိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်ဥပဒေအရာရှိ ဦးစောသိန်းဖေမြင့်က လောင်းကစားဥပဒေပါသိကောင်းစရာများကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

## အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နန်းသီတာဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းများ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းတွင် ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက အမှာစကား ပြောကြားရာ၌ ၂၀၂၂ ခုနှစ်တွင် အကြမ်းဖက်အဖွဲ့များအနေဖြင့် တပ်မတော်နှင့် ပြည်သူကို သွေးခွဲရန် နည်းမျိုးစုံဖြင့် ကြိုးစားလုပ်ဆောင်ခဲ့ကြောင်း၊ အချို့ဝန်ထမ်းများသည်လည်း နိုင်ငံရေးနှင့်နိုင်ငံ့အရေးကို ကွဲကွဲပြားပြား သိမြင်မှုမရှိဘဲ နားယောင်၍ DCS လုပ်ဆောင်ခဲ့သဖြင့် ခက်ခဲမှုများစွာဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ကြိုးစားလုပ်ဆောင်ခဲ့ရကြောင်း၊ ဆက်လက်၍လည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် တပ်မတော်နှင့် ပြည်သူ၏ ညီညွတ်သောအားဖြင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ဆက်လက်ထမ်းဆောင်သွားရမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့ရွာများအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်ကာ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ဌာနဆိုင်ရာ ရုံးအဆောက်အအုံများ၊ ဆေးရုံများ၊ စာသင်ကျောင်းများနှင့် ဒေသခံပြည်သူ၏ နေအိမ်များကို ပြန်လည်ပြုပြင်တည်ဆောက်ပေးလျက်ရှိကြောင်း၊ ယခုအခါ ချင်းပြည်နယ် ဖလမ်းဒေသတစ်ဝိုက်အား ယာယီစိုးမိုး၍ ပြည်သူအပေါ် အနိုင်ကျင့်စော်ကားလျက်ရှိသော အကြမ်းဖက်သောင်းကျန်းသူများကို ချေမှုန်းသုတ်သင်၍ အဆိုပါဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တပ်မတော်နှင့် ပြည်သူ လက်တွဲကာ ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မြဝတီ–သဃ်န်းညီနောင်–ကော့ကရိတ် ဆက်သွယ်ရေးလမ်းကြောင်းနှင့် မန္တလေး–မတ္တရာ–သပိတ်ကျင်း–တကောင်း–ထီးချိုင့်–ကသာ–အင်းတော်–မော်လူး–မိုးညှင်း–မိုးကောင်း–မြစ်ကြီးနား ဆက်သွယ်ရေး လမ်းကြောင်းများကိုလည်း တပ်မတော်က ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ကာ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် လမ်းတံတားများကိုလည်း ပြန်လည် ပြုပြင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တပ်မတော်၏ ထိရောက်သော စစ်ဆင်ရေး ဆောင်ရွက်မှုများအပေါ် ဒေသခံပြည်သူလူထုအနေဖြင့် သောင်းသောင်းဖြဖြ လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူကြိုဆိုကြသကဲ့သို့ ပြည်သူလူထု၏ ယုံကြည် အားကိုးမှုကိုလည်း ရရှိလျက်ရှိကြောင်း၊ မဆုတ်မနစ်သော ဇွဲ၊ လုံ့လဖြင့် ပြည်သူကို ကာကွယ် စောင့်ရှောက်မည်ဟူသော ခိုင်မာသည့် သစ္စာတရား၏ အကျိုးကျေးဇူးကို ပြန်လည်ခံစားရခြင်းပင် ဖြစ်ကြောင်း၊ တိုက်ပွဲများတွင် စွမ်းစွမ်းတမံဖြင့် နိုင်ငံတော်အတွက်၊ ပြည်သူလူထုအတွက်၊ တပ်မတော်အတွက် ထူးကဲစွာ စွမ်းဆောင်နိုင်သူများကိုလည်း အသိအမှတ်ပြု ဂုဏ်ပြုပေးလျက်ရှိကြောင်း။

တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ထမ်းဆောင်ရန် ၂၄ နာရီ တာဝန်ရှိသည့် ခိုင်မာသောအဖွဲ့အစည်းဖြစ်ကာ အထက်အောက် လေးစား၍ အမိန့်နာခံမှုဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်ကြောင်း၊ သေအတူရှင်မကွာသော သံယောဇဉ်တရားဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ နေ့စဉ်လုပ်ဆောင်နေသော သမားစဉ်လုပ်ငန်းများသည် လေ့ကျင့်နေမှုပင်ဖြစ်၍ အားလုံး တစုတစည်းတည်း လိုက်ပါဆောင်ရွက်ခြင်းဖြင့် စည်းလုံးညီညွတ်မှုကို ရရှိစေကြောင်း၊ တိုက်စွမ်းရည်၊ တိုက်စွမ်းအားကောင်းမွန်မှသာ တိုက်ပွဲကို အောင်မြင်နိုင်မည်ဖြစ်၍ စွမ်းရည်ရှိအောင် ကိုယ်စီတစ်ဦးချင်းမှစ၍ လေ့ကျင့်နေရန် လိုကြောင်း၊ တိုက်စွမ်းအား ကောင်းမွန်ရန် နိုင်ငံတော်နှင့် တပ်မတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ပြောင်းလဲလာသော ခေတ်မီစစ်လက်နက်ပစ္စည်းများနှင့် စစ်နည်းဗျူဟာများကိုလည်း မျက်ခြည်မပြတ် လေ့လာ၊ လေ့ကျင့်နေရန်လိုကြောင်း၊ ယနေ့ကမ္ဘာတွင် ဖြစ်ပေါ်နေသော စစ်ပွဲများ၏ သုံးစွဲနေသောလက်နက်များနှင့် နည်းပညာများကိုလည်း အမြဲလေ့လာ သုံးသပ်နေရန် လိုကြောင်း။

အသိပညာ အတတ်ပညာရှိရန် အတန်းပညာနှင့် စာဖတ်ခြင်းကို ပေါင်းစပ် ဆောင်ရွက်ရန်လိုကြောင်း၊ ပြင်ပစာပေများ ဖတ်ရှုလေ့လာနိုင်ရန်လည်း တပ်ရင်း၊ တပ်ဖွဲ့များရှိစာကြည့်တိုက်များကို စာကောင်းပေမွန်များ အမြဲဖြည့်ဆည်းပေးနေရန် လိုကြောင်း၊ စာများများ ဖတ်ရှုလေ့လာမှသာ အသိပညာဗဟုသုတများ ရရှိလာမည်ဖြစ်ပြီး အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုးကို ခွဲခြားနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သား မိသားစုဝင်များ၏ သားသမီးများသာမက တပ်မတော်သားများ၏ ပညာရည်မြင့်မားစေရေး အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့၏ သားသမီးများ စဉ်းစားတွေးခေါ်တတ်သည့် ပညာတတ်လူငယ်များဖြစ်စေရေး အားပေးဆောင်ရွက်သွားရန်၊ တပ်မတော်သားများ၏ သား/သမီးအားလုံးကို နှစ်စဉ် တန်းစဉ်ကူးပြောင်းမှုတွင် ပါဝင်နိုင်ရေးနှင့် အနည်းဆုံး KG+9 အဆင့်အထိ တတ်မြောက်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

အုပ်ချုပ်မှုအပိုင်းတွင် တပ်မှူးများသည် ဖခင်ကောင်းစိတ်ဓာတ်၊ ခေါင်းဆောင်ကောင်း စိတ်ဓာတ်ဖြင့် အုပ်ချုပ်သကဲ့သို့ တပ်မှူးများ၏ ဇနီးများသည်လည်း မိခင်သဖွယ် စိတ်ဓာတ်ဖြင့် ထိန်းကျောင်းပေးရန်လိုကြောင်း၊ တပ်တွင်း စည်းလုံးညီညွတ်မှု ကောင်းမွန်ရန် အထက်အောက် ဆက်ဆံရေး ကောင်းမွန်နေရန် လိုကြောင်း၊ တပ်တွင်းစည်းလုံးမှု တည်ဆောက်ခြင်းသည် အင်အားတည်ဆောက်ခြင်းသာဖြစ်ပြီး စစ်ရေးစွမ်းရည်ကို ဖြစ်ပေါ်စေကြောင်း၊ အုပ်ချုပ်မှု ကောင်းမွန်ရန် မျက်နှာလိုက်ခြင်းကင်းမဲ့သော၊ ကျောသားရင်သားမခွဲခြားသော စိတ်ဓာတ်တို့ဖြင့် မျှတစွာ စီမံဆောင်ရွက်ကွပ်ကဲ အုပ်ချုပ်ရန်လိုကြောင်း။

သက်သာ ချောင်ချိရေးနှင့် ပတ်သက်၍ တပ်မှူးများအနေဖြင့် မိမိတပ်ရှိအရာရှိ၊ စစ်သည်၊ မိသားစုများ၏ နေထိုင်စားသောက်ရေး၊ ပညာရေး၊ ကျန်းမာရေး အပါအဝင် ရပိုင်ခွင့်များအား အချိန်မီနှင့် ပြည့်ဝစွာရရှိအောင် စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ တပ်မှူးများသည် မိမိတပ်အပေါ် အုပ်ချုပ်ရေး၊ ဘဏ္ဍာရေးနှင့် တရားစီရင်ရေးအရ အခွင့်အာဏာ အပ်နှင်းခံထားရသူများဖြစ်၍ အမြော်အမြင်ကြီးမားပြီး စိတ်သဘောထားပြည့်ဝနေရန်လိုကြောင်း။

ကလောဒေသသည် ရာသီဥတုအရ သာယာကောင်းမွန်ပြီး ရေခံ၊ မြေခံကောင်းမွန်သော ဒေသဖြစ်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးသည် လက်တွေ့အကျိုးကို ခံစားရသည့် လုပ်ငန်းတစ်ရပ်ဖြစ်၍ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အလေးထားလုပ်ဆောင်ကြရန်မှာကြားလိုကြောင်း၊ ထိရောက်အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းကုန်ထုတ်လုပ်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပြီး ကုန်ဈေးနှုန်း ကြီးမြင့်မှုများကိုလည်း အထိုက်အလျောက်လျှော့ချပေးနိုင်မည်ဖြစ်ကာ ပိုလျှံသော ကုန်ပစ္စည်းများကို တပ်နယ်များရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ပါက လက်တွေ့ပါသော စည်းရုံးရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မိမိဒေသအပေါ် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း။

စိတ်ဓာတ်သည် စည်းကမ်းနှင့် ဆက်စပ်လျက်ရှိပြီး ကိုယ်တိုင်စိတ်ဓာတ် မြင့်မားအောင် တည်ဆောက်ရန် လိုကြောင်း၊ စိတ်ဓာတ်နှင့် စည်းကမ်းသည် ပြုပြင်တည်ဆောက်၍ရသော အရာများဖြစ်၍ ကိုယ်တိုင်လည်း စိတ်ဓာတ်မြင့်မားအောင် ကျင့်ကြံသကဲ့သို့ မိမိအဖွဲ့အစည်းကိုလည်း လေ့ကျင့်ပေးရန် လိုကြောင်း၊ သဘောကောင်းမှုနှင့် စေတနာကောင်းမှုသည် မတူညီကြောင်း၊ ပြောဆိုဆုံးမပဲ့ပြင်မှုသည် စေတနာကောင်းမွန်မှုကို အခြေခံခြင်းဖြစ်၍ စည်းကမ်း ဖောက်ဖျက်မှုနှင့် ပတ်သက်ပါက အသေးအဖွဲ့မှစ၍ လျစ်လျူမရှုရန်လိုကြောင်း။

တပ်မတော်သားများဖြစ်သည့်အတွက် ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာကြရန် လိုကြောင်း၊ မလိုလားအပ်သော အပျော်အပါး၊ မူးယစ်ဆေးဝါး၊ လောင်းကစားအပါအဝင် ဆောင်ရန်၊ ရှောင်ရန်များကို လိုက်နာကြရန်လိုကြောင်း၊ မူးယစ်ဆေးဝါးမှု၊ ငွေကြေးရှုပ်ထွေးမှုများသည် တပ်တွင်းစည်းလုံးညီညွတ်မှုကိုပျက်ပြားစေကြောင်း၊ အလားတူ လူမှုရေးရှုပ်ထွေးမှုသည်လည်း ခွင့်လွှတ်၍မရသော ကိစ္စရပ်များဖြစ်ကြောင်း။

ပေးအပ်သော လုပ်ငန်းတာဝန်များနှင့် မိသားစုအပေါ် တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် ကျန်းမာကြံ့ခိုင်မှုရှိရန် လိုကြောင်း၊ ကျန်းမာရေးမကောင်းခြင်းကြောင့် လူမှုရေး၊ စီးပွားရေးစသည်တို့ကို ထိခိုက်ပျက်ပြားစေကြောင်း၊ နေ့စဉ်ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များ လစ်ဟင်းမှုမရှိစေရန်မှာ အရေးကြီးပြီး ကျန်းမာကြံ့ခိုင်မှ အလုပ်လုပ်နိုင်မည် ဖြစ်သဖြင့် နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုများကိုလည်း အမြဲမပြတ် ပါဝင်လုပ်ဆောင်သွားကြရန် ရန်လိုကြောင်း၊ ကျန်းမာရေးသည် မိမိကိုယ်တိုင် ဆောင်ရွက်ရမည့်ကိစ္စဖြစ်သည့်အတွက် ကျန်းမာကြံ့ခိုင်အောင် စနစ်တကျနေထိုင်စားသောက်ရန်လိုကြောင်း။

စာမျက်နှာ ၅ သို့ ☆

☆ **တပ်တွင်း စည်းလုံးညီညွတ်မှုကောင်းမွန်ရန် အထက်အောက်ဆက်ဆံရေး ကောင်းမွန်နေရန်လို**

☆ **တပ်တွင်းစည်းလုံးမှု တည်ဆောက်ခြင်းသည် အင်အားတည်ဆောက်ခြင်းသာဖြစ်ပြီး စစ်ရေးစွမ်းရည်ကို ဖြစ်ပေါ်စေ**

☆ **အုပ်ချုပ်မှု ကောင်းမွန်ရန် မျက်နှာလိုက်ခြင်းကင်းမဲ့သော၊ ကျောသားရင်သားမခွဲခြားသော စိတ်ဓာတ်တို့ဖြင့် မျှတစွာ စီမံဆောင်ရွက်ကွပ်ကဲ အုပ်ချုပ်ရန်လို**

☆ စာမျက်နှာ ၄ မှ

ပြည်သူ့စစ်မှုထမ်းများ အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များတွင် ရဲရဲဝံ့ဝံ့ဖြင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေကြကြောင်း၊ စွန့်လွှတ်စွန့်စားစိတ်ဖြင့် တာဝန်ထမ်းဆောင်နေကြသူများကို တစ်ဆင့်မြင့် ရာထူးများချီးမြှင့်ခြင်း၊ စွမ်းရည်သတ္တိဆိုင်ရာ ဆုတံဆိပ်များ ချီးမြှင့်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံချစ်စိတ်ဖြင့် နိုင်ငံ့သားကောင်းပီသစွာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက် ထမ်းဆောင်ရန် ၎င်းတို့၏ သဘောဆန္ဒအလျောက် ဆက်လက်ဆန္ဒပြုကြသူများလည်း များစွာရှိသဖြင့် ၎င်းတို့ကို ရဲဘော်ရဲဘက် စိတ်ဓာတ်ဖြင့် လက်တွဲခေါ်ဆောင်ပေးရန် လိုကြောင်း၊ အလားတူ တပ်မတော်၏ အရန်အင်အားများဖြစ်သည့် စစ်မှုထမ်းဟောင်းများသည် နိုင်ငံတော်အတွက် လိုအပ်သည့်အချိန်တွင် တပ်မတော်သားများနှင့် လက်တွဲကာ လုံခြုံရေးတာဝန်များကို တာဝန်သိသိဖြင့် ထမ်းဆောင်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ၎င်းတို့၏ မိသားစုဝင်များ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေရန်လိုကြောင်း ပြောကြားပြီး အရာရှိ၊ စစ်သည်၊ ရဲမေများ တစ်ဦးချင်းစီ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တပ်နယ်မှူးက လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာကမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးက လည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နန်းသီတာဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နန်းသီတာဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းများသို့သွားရောက်ကြည့်ရှုစစ်ဆေးရာ ဦးစွာ ရှင်းလင်းဆောင်တွင် တိုင်းမှူးက နန်းသီတာ စိုက်ပျိုးမွေးမြူရေးစခန်းဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးမွေးမြူရေးစခန်းအတွင်း စပါး၊ နေကြာ၊ တစ်သျှူးငှက်ပျော၊ DYL ဝက်၊ နို့စားနွား၊ အသားတိုးနွား၊ ဥစားကြက်၊ အသားတိုးကြက်၊ ဥစားဘဲ၊ ငါးများနှင့် ရာသီသီးနှံများ စိုက်ပျိုးမွေးမြူထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်းသည် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးခြင်းဖြစ်သဖြင့် အမှန်တကယ် အောင်မြင်ဖြစ်ထွန်းအောင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများ၊ ပိုလျှံသော စားသောက်ကုန်ပစ္စည်းများကို ဒေသအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား အမှန်တကယ် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ရေး စီမံဆောင်ရွက်ပေးရန်လိုအပ်သည့် အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိတ်ပါဝင်စားသူများနှင့် အမှန်တကယ် ကျွမ်းကျင်သူများကို တာဝန်ပေးပြီး ယခုထက်ပိုမို တိုးတက်အောင်မြင်အောင် စီမံဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းများအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နားမကြားသောကလေးများကျောင်းမှ ကျောင်းသား ကျောင်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နားမကြားသောကလေးများကျောင်း(ရန်ကုန်) နှင့် နားမကြားသောကလေးများကျောင်း (မန္တလေး) တို့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်-

**သတ်မှတ်ချက်များ**

၁။ အကြားအာရုံ ချို့ယွင်းအားနည်းသူ ဖြစ်ရမည်။
၂။ အသက်(၆)နှစ်မှ (၁၈)နှစ်အတွင်း ရှိသူ ဖြစ်ရမည်။
၃။ အကြားအာရုံ ချို့ယွင်းအားနည်းမှုမှလွဲ၍ ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။
၄။ စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူလိုစိတ်ရှိသူ ဖြစ်ရမည်။
၅။ အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို) ဖြစ်ရမည်။
၆။ ကျား/မ ၊ လူမျိုးနှင့် ကိုးကွယ်ရာ ဘာသာမရွေး လျှောက်ထားနိုင်သည်။
၇။ ကျောင်းအပ်နှံပါက မိဘ(သို့မဟုတ်) အုပ်ထိန်းသူကိုယ်တိုင် လာရောက်အပ်နှံရမည်။

**ကျောင်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ ကလေး၏ ပတ်စ်ပို့ဓါတ်ပုံ (၄)ပုံ၊ မွေးစာရင်း မူရင်းနှင့် မိတ္တူ
၂။ မိဘ (၂) ဦး မှတ်ပုံတင် မူရင်းနှင့် မိတ္တူ
၃။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ
၄။ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ရပ်ကွက်တွင် နေထိုင်ကြောင်း ထောက်ခံချက်
၅။ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာန၏ ကူးစက်ရောဂါ ကင်းရှင်းကြောင်း ထောက်ခံချက်
၆။ အကြားအာရုံချို့ယွင်းမှု တိုင်းတာစစ်ဆေးပြီးသည့် နားကြားနှုန်း(Audiograph dB) စာရွက်စာတမ်း

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နားမကြားသောကလေးများကျောင်း၊ အမှတ်-၃၄ ၊ F, G၊ အိုးစု (၃)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ နားမကြားသောကလေးများကျောင်း၊ အကွက်-၈၅၈၊ ချမ်း/တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှတစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။ စာပေပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်တက်ရောက်ခွင့်ရရှိပါက သွားလာရေးခက်ခဲသောဒေသများမှ နားမကြားကျောင်းသား/သူများ၏ စားသောက်နေထိုင်ရေးကို နိုင်ငံတော်က တာဝန်ယူမည်ဖြစ်ပြီး ကျောင်းဝင်ကြေးနှင့် ကျောင်းလခပေးရန်မလိုပါ။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်းနံပါတ် ၀၆၇-၄၀၄၂၅၂၊ နားမကြားသောကလေးများကျောင်း (ရန်ကုန်) ဖုန်းနံပါတ် ၀၁- ၉၅၄၈၈၇၂၊ ၀၉ -၂၅၀၀၇၇၂၆၈ နှင့် နားမကြားသောကလေးများကျောင်း (မန္တလေး) ဖုန်းနံပါတ် ၀၉ - ၄၀၂၆၆၂၆၈၉၊ ၀၉-၄၅၉၇၆၀၅၁၆ တို့ကို (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

## သတင်းမီဒီယာသင်တန်း အမှတ်စဉ်(၇) ဖွင့်လှစ်

**ရန်ကုန် မေ ၁၈**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက စီစဉ်ဖွင့်လှစ်သော သတင်းမီဒီယာ သင်တန်း အမှတ်စဉ်(၇) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက သတင်းမီဒီယာကောင်စီရုံး သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၂)က သတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးရေးအတွက် သတင်းမီဒီယာသင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားကာ သင်တန်းမှူးက သင်ကြားမည့် ဘာသာရပ်များ၊ သင်တန်းသား တက်ရောက်မှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၂၂ ရက်အထိဖြစ်သည်။

သင်တန်းတွင် မီဒီယာနားလည်တတ်ကျွမ်းမှု၊ မီဒီယာနှင့် သတင်းသမားကောင်း၊ မီဒီယာနှင့် နိုင်ငံတကာ၊ သတင်းဘာသာပြန်၊ ဒီဂျစ်တယ်နားလည် တတ်ကျွမ်းမှု၊ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းမီဒီယာဥပဒေ၊ မီဒီယာနှင့် မြန်မာ့ပုံရိပ်၊ မီဒီယာနှင့် လူ့အခွင့်အရေး ဘာသာရပ်များကို ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## မိတ္ထီလာမြို့၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အထူးသင်တန်း)ဖွင့်ပွဲ ကျင်းပ

**မိတ္ထီလာ မေ ၁၈**

မန္တလေးတိုင်း ဒေသကြီး မိတ္ထီလာမြို့ စက်မှုလယ်ယာဗဟိုသင်တန်းကျောင်း၌ အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်တွင် ပါဝင်သည့် အမှတ်စဉ် (၁/၂၀၂၆) လယ်ယာသုံး စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အထူးသင်တန်း)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် စက်မှုလယ်ယာ ဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးထွန်းထိန်လင်းက သင်တန်းဆိုင်ရာ အချက်အလက်များကို ပြောကြားသည်။

သင်တန်းသို့ နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများမှ သင်တန်းသား ၅၄ ဦး တက်ရောက်ပြီးသင်တန်းကာလ ရှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# မြေဆီလွှာထက်သန်ဖို့ ကြံရွက်ခြောက်မြေဆွေး အသုံးပြုစို့

ဒေါက်တာခင်ခင်ကြီး

စက်မှုကုန်ကြမ်းသီးနှံတစ်မျိုးဖြစ်သည့် ကြံသီးနှံသည် လူတို့၏ အဓိကလိုအပ်သော စားဝတ်နေရေးတွင် စားရေးအတွက် ဖြည့်ဆည်းပေးသကဲ့သို့ စွမ်းအင်အပါအဝင် လူသုံးကုန်ပစ္စည်းအချို့ကို ထုတ်လုပ်နိုင်သည့် အရေးပါသော သီးနှံတစ်မျိုးလည်းဖြစ်ပါသည်။

ကြံမှ သကြားအပြင် ရရှိလာသည့်တင်လဲရည်ကို ဘီယာ၊ အဖျော်ယမကာ၊ အရက်ပြန်နှင့် ဇီဝအီသနောအဖြစ်လည်းကောင်း၊ ကြံကြိတ်ဖတ်ကို ပျော့ဖတ်၊ ဖိုင်ဘာ၊ ကတ်ပြား၊ စာရေးစက္ကူနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင်လည်းကောင်း၊ ကြံမြှုပ်ချေးကို အာဟာရဓာတ်များစွာ ပါဝင်သောကြောင့် အဆင့်မြင့်သဘာဝမြေသြဇာအဖြစ်လည်းကောင်း၊ ကြံပြာကို စက်ရုံဘွိုင်လာတွင် လောင်စာအဖြစ်သုံးနိုင်သလို စပါးစိုက်ခင်းများနှင့် ကြံစိုက်ခင်းများတွင် မြေသြဇာအဖြစ်လည်းကောင်း ထည့်သွင်းအသုံးပြုကြပါသည်။ လတ်ဆတ်သောကြံဖူးနှင့် ကြံရွက်များကို ကျွဲ/ နွား တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်သကဲ့သို့ ကြံရွက်ခြောက်များကိုမူ ကျေးလက်ဒေသရှိ လူနေအိမ်များတွင် သက်ငယ်လုပ်၍ အိမ်အမိုးမိုးလေ့ရှိကြပါသည်။

**ကြံရွက်ခြောက်နှင့် မီးရှို့ခြင်းအလေ့အထ**

**ကြံစိုက်တောင်သူအများစုက ကြံပင်မခုတ်သိမ်းမီနှင့် ခုတ်သိမ်းပြီးချိန်တို့တွင် ကြံရွက်ခြောက်များကို မီးရှို့လေ့ရှိကြရာ ထိုသို့ပြုလုပ်ခြင်းဖြင့် မီးခိုးမြူငွေ့ပြဿနာများဖြစ်ပေါ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် လူတို့၏ကျန်းမာရေးကို ထိခိုက်စေပါသည်။ မီးရှို့ခြင်းကြောင့် အပင်အာဟာရများစွာ ဆုံးရှုံးစေပြီး မြေဆီလွှာအတွင်းရှိ အကျိုးပြုအဏုဇီဝများကိုလည်းဆုံးရှုံးစေကာ နောက်ဆုံးတွင် မြေဆီသြဇာကို ခန်းခြောက်စေနိုင်ပါသည်။**

မီးရှို့မှုဖြစ်စဉ်ကြောင့် ကြံအထွက်နှုန်းကို ထိခိုက်စေသည့်အပြင် သကြားဓာတ်ပါဝင်မှု လျော့နည်းသွားခြင်းကြောင့် အရည်အသွေးကိုပါ ထိခိုက်စေပါသည်။ လေထုအတွင်း ဖန်လုံအိမ်ဓာတ်ငွေ့များဖြစ်ပေါ်လာရခြင်းအကြောင်းရင်းများအနက် သီးနှံပင်အကြွင်းအကျန်များကို မီးရှို့ခြင်း (ဥပမာ-ကြံရွက်ခြောက်များ၊ စပါးရိုးပြတ်များ၊ နှမ်းရိုးများ၊ ပဲစင်းငုံရိုးများအား မီးရှို့ခြင်း) သည်လည်း အကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ မီးခိုးမှုန်များကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အဆုတ်ကင်ဆာနှင့် အခြားကျန်းမာရေးပြဿနာများစွာ ဖြစ်ပွားကြောင်း တွေ့ရှိရသည်။

**အရေးပါတဲ့ကြံရွက်ခြောက်**

**ကြံသီးနှံတစ်ဧကမှ ကြံရွက်ခြောက် လေး- ငါးတန်အထိထွက်ရှိပါသည်။ နှစ်စဉ် မြန်မာနိုင်ငံတစ်ဝန်း ကြံစိုက်ဧက လေးသိန်းကျော်မှ ထွက်ရှိသော ကြံရွက်ခြောက်တန်ချိန် သိန်း ၁၅ - ၂၀ ခန့်တွင် များပြားလှသော အာဟာရဓာတ်များစွာ ပါဝင်နေသော်လည်း အဆိုပါ ကြံရွက်ခြောက်များကို ပြန်လည်အသုံးပြုသည့် အလေ့အထမရှိဘဲ မီးရှို့ခြင်းကြောင့် နှစ်စဉ် အာဟာရတန်ချိန်များစွာ ဆုံးရှုံးနေပါသည်။ တောင်သူများ အလွယ်တကူမီးရှို့နေကြသည့် ကြံရွက်ခြောက်များတွင် အော်ဂဲနစ်ကာဗွန် ၂၈.၆ ရာခိုင်နှုန်း၊ နိုက်ထရိုဂျင် ၀.၃၅-၀.၅၁ ရာခိုင်နှုန်း၊ ဖော့စ်ဖရပ် ၀.၀၄-၀.၂၁ ရာခိုင်နှုန်း၊ ပိုတက်ဆီယမ် ၀.၄၂-၀.၅၈ ရာခိုင်နှုန်းအပြင် အနည်းလိုအာဟာရဓာတ်များဖြစ်သည့် ကယ်လ်ဆီယမ် ၀.၄၈ ရာခိုင်နှုန်း၊ မဂ္ဂနီဆီယမ် ၀.၁၂ ရာခိုင်နှုန်းနှင့် ဇင့်၊ အိုင်းယွန်းနှင့် မဂ္ဂနိစ်ဓာတ်များလည်း ပါဝင်ပါသည်။**

ကြံစိုက်တောင်သူများအနေဖြင့် မိမိတို့စိုက်ခင်းမှ ရရှိလာသော ကြံရွက်ခြောက်များကို မြေဆွေးပြုလုပ်၍ ဓာတ်မြေသြဇာနှင့်အတူ စနစ်တကျ တွဲဖက်အသုံးပြုခြင်းဖြင့် မြေဆီလွှာကို ရေရှည်ထိန်းသိမ်းရာရောက်သလို ကုန်ကျစရိတ်ကိုလည်း သက်သာစေမည်ဖြစ်ပါသည်။ လုပ်ကိုင်ရမည့်လုပ်ငန်းစဉ်များမှာလည်း လွယ်ကူရိုးရှင်းသောကြောင့် တောင်သူများ အတူတကွ လိုက်ပါဆောင်ရွက်နိုင်ပါသည်။

**မြေဆွေးပုံပြုလုပ်ရာတွင် ပါဝင်ရမည့်ပစ္စည်းများ**

မြေဆွေးပုံပြုလုပ်ရာတွင် အဓိကအနေဖြင့် ကြံရွက်ခြောက်၊ နွားချေး/ ကြက်ချေး၊ အသင့်သုံး EM ဖျော်ရည်၊ ယူရီးယားအနည်းငယ်၊ ပလတ်စတစ်စနှင့် အခြားသီးနှံပင် အကြွင်းအကျန်များရှိပါက ထည့်သွင်းအသုံးပြုနိုင်ပါသည်။

**ကြံရွက်ခြောက်သဘာဝမြေဆွေးပြုလုပ်ပုံအဆင့်ဆင့်**

ကြံရွက်ခြောက်သဘာဝမြေသြဇာ ပြုလုပ်ရာတွင် အောက်ပါအတိုင်း လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ရပါမည် -

- ကြံရွက်ခြောက်များကို စုဆောင်းခြင်း၊
- ကြံရွက်ခြောက်များကို သေးငယ်အောင် ဖြတ်တောက်စင်းခြင်း၊
- ကြံရွက်ခြောက်များနှင့်အတူ အခြားလိုအပ်သော သွင်းအားစုများအား အလွှာလိုက်စုပုံပြီး မြေဆွေးပုံပြုလုပ်ခြင်း၊
- ရေဖျန်းပေးခြင်း၊
- သုံးလတစ်ကြိမ် မြေဆွေးပုံကို အထက်အောက်လှန်ပေးခြင်း၊
- ဆွေးမြည့်ပြီး ကြံရွက်ခြောက်မြေဆွေးများအား ဆန်ခါချပေးခြင်း။

**ကြံရွက်ခြောက်များစုဆောင်းခြင်း**

ကြံစိုက်ခင်းမှ ကြံရွက်ခြောက်များကို မြေဆွေးပုံပြုလုပ်မည့်နေရာသို့ သယ်ဆောင်စုပုံရပါမည်။ မြေဆွေးပုံအတွက် သီးသန့်မြေနေရာမရှိပါက ကြံစိုက်ခင်းဘေးနားတွင် စုပုံနိုင်ပါသည်။ စုဆောင်းပြီး ကြံရွက်ခြောက်များကို ကျင်းနှင့်ဖြစ်စေ၊ မြေပေါ်တွင် အပုံလိုက်ဖြစ်စေ မြေဆွေးပုံ ပြုလုပ်နိုင်ပါသည်။ ကြံရွက်ခြောက်များစုဆောင်းပြီးပါက ရှည်လျားနေသော ကြံရွက်ခြောက်များကို ဓား (သို့) ဓားစက်ဖြင့် ဖြတ်တောက်စင်းပေးခြင်းဖြင့် သေးငယ်သောအစိတ်အပိုင်းများရရှိအောင် ဆောင်ရွက်ရပါသည်။ သို့မှသာ ဆွေးမြည့်မြန်စေပြီး မြေဆွေးပုံတစ်ခုလုံး ညီညာစွာဆွေးမြည့်စေမည်ဖြစ်ပါသည်။ တစ်ပုံချင်းစီကို စနစ်တကျအလေးချိန် ချိန်တွယ်ပြီး ပြုလုပ်လိုပါက ပြုလုပ်နိုင်ပါသည်။ စုပုံပြီးစီးပါက ဖြတ်တောက်ပြီးသော ကြံရွက်ခြောက်များနှင့်အတူ အခြားလိုအပ်သော သွင်းအားစုများကို အလွှာလိုက်စုပုံသွားရပါမည်။

**မြေပေါ်တွင် မြေဆွေးပုံပြုလုပ်ခြင်း**

မြေဆွေးပုံပြုလုပ်ရာတွင် အတိုင်းအတာအနေဖြင့် အလျား ကိုးပေ၊ အနံ ခြောက်ပေနှင့် အမြင့် ၄ ဒသမ ၅ ပေ ရှိသင့်ပါသည်။ ကြံရွက်ခြောက်ဖြတ်စများကို လက်မဝက်ခန့်အထူ အောက်ခြေမြေပြင်ပေါ်တွင် ခင်းပြီးနောက် ရေဖျန်းပေးရပါမည်။ ပြီးလျှင် နွားချေးတစ်ထပ်ဖြန့်ပေးရမည်။ နွားချေးဖျော်ရည် (သို့) အဏုဇီဝဖျော်ရည် (EM ဖျော်ရည်) ကို ညီညာစွာဖျန်းပေးရမည်။ ကြံရွက်ခြောက်တစ်တန်လျှင် နွားချေး၊ ကြက်ချေး ကီလိုဂရမ် ၅၀ သုံးစွဲသင့်ပါသည်။ ယင်းတို့ကို ရေလီတာ ၁၀၀ ဖြင့် ဖျော်ပြီး ကြံရွက်ခြောက်အနှံ့ဖျန်းပေးရန် လိုအပ်ပါသည်။ ပြီးလျှင် ယူရီးယားမြေသြဇာများကို ညီညာစွာဖြူးပေးရမည်။ အကယ်၍ အခြားသီးနှံပင် အကြွင်းအကျန်များရှိပါက မြေဆွေးပုံအတွင်း အလွှာလိုက်ထည့်သွင်းနိုင်ပါသည်။

> **ကြံသီးနှံတစ်ဧကမှ ကြံရွက်ခြောက် လေး- ငါးတန်အထိ ထွက်ရှိပါသည်။ နှစ်စဉ် မြန်မာနိုင်ငံတစ်ဝန်း ကြံစိုက်ဧက လေးသိန်းကျော်မှထွက်ရှိသော ကြံရွက်ခြောက်တန်ချိန် သိန်း ၁၅ - ၂၀ ခန့်တွင် များပြားလှသော အာဟာရဓာတ်များစွာ ပါဝင်နေသော်လည်း အဆိုပါ ကြံရွက်ခြောက်များကို ပြန်လည်အသုံးပြုသည့် အလေ့အထမရှိဘဲ မီးရှို့ခြင်းကြောင့် နှစ်စဉ် အာဟာရတန်ချိန်များစွာ ဆုံးရှုံးနေပါသည်။ တောင်သူများ အလွယ်တကူမီးရှို့နေကြသည့် ကြံရွက်ခြောက်များတွင် အော်ဂဲနစ်ကာဗွန် ၂၈.၆ ရာခိုင်နှုန်း၊ နိုက်ထရိုဂျင် ၀.၃၅-၀.၅၁ ရာခိုင်နှုန်း၊ ဖော့စ်ဖရပ် ၀.၀၄-၀.၂၁ ရာခိုင်နှုန်း၊ ပိုတက်ဆီယမ် ၀.၄၂-၀.၅၈ ရာခိုင်နှုန်း အပြင် အနည်းလိုအာဟာရဓာတ်များဖြစ်သည့် ကယ်လ်ဆီယမ် ၀.၄၈ ရာခိုင်နှုန်း၊ မဂ္ဂနီဆီယမ် ၀.၁၂ ရာခိုင်နှုန်းနှင့် ဇင့်၊ အိုင်းယွန်းနှင့် မဂ္ဂနိစ်ဓာတ်များလည်းပါဝင်**

မြေဆွေးပုံကို အလွှာလိုက်ပုံနေစဉ် ပိပြားကျစ်လျစ်စေရန် လူကတက်နင်းပေးရမည်။ ဤသို့ဖြင့် အလွှာလိုက်ပုံသွားပြီးနောက် လိုချင်သည့် အမြင့်ပေရရှိပါက နောက်ဆုံးအလွှာပေါ်တွင် မြေနှင့် နွားချေးရည်ဖျော်၍ လက်မဝက်ခန့်အထူ မံပေးရပါမည်။ ယင်းနောက်တွင် လိုအပ်သောအပူချိန်နှင့် အစိုဓာတ်ကိုရရှိစေရန် ပလတ်စတစ် ဖုံးပေးရမည်။ မြေဆွေးပုံကို တစ်ပတ်တစ်ကြိမ် ရေဖျန်းပေးရန်နှင့် သုံးလတစ်ကြိမ် အထက်အောက်လှန်ပေးရန် လိုမည်ဖြစ်ပါသည်။ လေးလမှ ခြောက်လခန့် အကြာတွင် အသုံးပြုနိုင်သောအခြေအနေသို့ ရောက်ရှိနိုင်မည်ဖြစ်ပါသည်။

**ကြံရွက်ခြောက်မြေဆွေးပုံကို ကျင်းဖြင့်ပြုလုပ်ခြင်း**

ကြံရွက်ခြောက်မြေဆွေးပုံကို ကျင်းဖြင့်ပြုလုပ်မည်ဆိုပါက ကျင်းအရွယ်အစားမှာ အလျား ၂၇ ပေ၊ အနံ ၁၅ ပေနှင့် အနက် လေးပေတူးရန် လိုအပ်ပါသည်။ နေရာအကျယ်အဝန်းနှင့် လုပ်သားအင်အား မလုံလောက်ပါက ရနိုင်သမျှ အလျား၊ အနံ၊ အနက် ကျင်းတူး၍ ဆောင်ရွက်နိုင်ပါသည်။ ပြီးလျှင် အထက်ပါလုပ်ငန်းစဉ်အတိုင်း ကြံရွက်ခြောက်နှင့် သွင်းအားစုများကိုအလွှာလိုက် ၁၀-၁၅ လွှာအထိရရှိအောင်ဆောင်ရွက်နိုင်ပါသည်။ သုံးလတစ်ကြိမ် မြေဆွေးပုံကို အထက်အောက်လှန်ပေးခြင်းဖြင့် ညီညာစွာ ဆွေးမြည့်နိုင်မည်ဖြစ်ပါသည်။

မြေဆွေးပုံဆောင်ရွက်စဉ် ကာလတစ်လျှောက်လုံးတွင် အစိုဓာတ် ၆၀ ရာခိုင်နှုန်းရရှိအောင် ရေဖျန်းခြင်းကို ဆောင်ရွက်ရမည်ဖြစ်သော်လည်း မိုးရွာသွန်းမှုများပြားပါက သတိပြုဆင်ခြင်သင့်ပါသည်။ အစိုဓာတ်ခန်းခြောက်သွားပါကလည်း မြေတွင်းရှိ ဆွေးမြည့်စေသော အကျိုးပြုအဏုဇီဝများကိုသေစေကာ ဆွေးမြည့်မှုလုပ်ငန်းစဉ်ကို ထိခိုက်စေပါသည်။ လိုအပ်သောအပူချိန်နှင့်အစိုဓာတ်များရရှိပါက လေးလမှခြောက်လ အကြာတွင် အသုံးပြုနိုင်သောအဆင့်သို့ ရောက်ရှိပြီဖြစ်ပါသည်။

**ကြံရွက်မြေဆွေးများအား ဆန်ခါချပေးခြင်း**

ကြံရွက်ခြောက်မြေဆွေးပုံ ဆွေးမြည့်သွားပါက ထုထည်လျော့ကျသွားခြင်း၊ မြေနံ့ရရှိခြင်း၊ အညိုရင့်ရောင်ပြောင်းသွားခြင်းတို့ ဖြစ်ပေါ်လာပါသည်။ မြေဆွေးပုံဆွေးမြည့်သွားပါက မြေဆွေးများကို ဆန်ခါချပေးခြင်းဖြင့် အရွယ်ညီညာသော မြေဆွေးမှုန့်များကို ရရှိစေနိုင်ပြီး ဆန်ခါပေါ်တွင် ကျန်ရှိနေသော အရွက်ခြောက်အစအဖတ်များကို မြေဆွေးပုံအသစ်တွင် ပြန်လည်ထည့်သွင်းအသုံးပြုနိုင်ပါသည်။ ကြံရွက်ခြောက်မြေဆွေးတွင် နိုက်ထရိုဂျင် ၀.၅၀ ရာခိုင်နှုန်း၊ ဖော့စ်ဖရပ် ၀.၂၀ ရာခိုင်နှုန်း၊ ပိုတက်ဆီယမ် ၁.၁၀ ရာခိုင်နှုန်းနှင့် အနည်းလိုအာဟာရဓာတ်များ ပါဝင်သဖြင့် ကြံသီးနှံအတွက် အကောင်းဆုံး အာဟာရသွင်းအားစု ဖြစ်ပါသည်။ ကြံရွက်ခြောက်မြေဆွေးကို ဓာတ်မြေသြဇာများနှင့် ရောစပ်အသုံးပြုခြင်းဖြင့် ပိုမိုထိရောက်စေပါသည်။

**ကြံရွက်ခြောက်မြေဆွေးသုံးစွဲခြင်းဖြင့်**
**ရရှိနိုင်မည့်အကျိုးကျေးဇူးများ**

- ကြံရွက်ခြောက်များကို သဘာဝမြေသြဇာ/ သစ်ဆွေးမြေသြဇာများပြုလုပ်ပြီး ကြံစိုက်မြေများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် မြေဆီလွှာအဆင့်အတန်းနှင့် မြေ၏ ဓာတု /ရူပ အရည်အသွေး တိုးတက်လာကာ ကြံပင်ဖြစ်ထွန်းမှုကောင်းမွန်ခြင်း စိုက်ခင်း၏ မြေချဉ်ငန်ဓာတ်ကို ထိန်းသိမ်းပေးခြင်း၊ ရေထိန်းနိုင်စွမ်းကောင်းမွန်ခြင်းနှင့် ခြောက်သွေ့မှုဒဏ်ကို ခံနိုင်ရည်ရှိခြင်း၊
- ကြံရွက်ခြောက်အပိုင်းအစများကို တိုက်ရိုက်မြေသားနှင့် ရောမွှေထည့်ပေးခြင်းဖြင့် မြေဆီလွှာအဆင့်အတန်းတိုးတက်စေခြင်း၊ ပေါင်းပေါက်ရောက်မှုသက်သာခြင်း၊
- ကြံရွက်ခြောက်မြေဆွေးကို ဓာတ်မြေသြဇာများနှင့်ရောစပ်ထည့်သွင်းအသုံးပြုခြင်းဖြင့် ကြံပင်လုံးပတ်ကြီးခြင်း၊ ဆစ်ကြားအရေအတွက်နှင့် ဆစ်ကြားအရှည်တိုးလာခြင်း၊ ကြံတစ်ချောင်းအလေးချိန်တိုးခြင်း၊ စက်သွင်းကြံအရေအတွက်တိုးခြင်း၊ အထွက်နှုန်းတိုးတက်ခြင်းနှင့် လမိုင်းအထွက်ပါ ကောင်းမွန်စေခြင်း၊
- ကုန်ကျစရိတ်သက်သာပြီး ဝင်ငွေတိုးတက်ရရှိခြင်း။

**သတိပြုရန်အချက်**

- ကြံရွက်ခြောက်များကို ဆွေးမြည့်မှုမြန်စေရန်နှင့် ညီညာစွာဆွေးမြည့်စေရန် သေးငယ်သောအပိုင်းအစများ ပိုင်းဖြတ်ပေးရန်၊
- ထုထည်ကြီးမားသော ကြံရွက်ခြောက်မြေဆွေးပုံပြုလုပ်ရန် မြေနေရာအခက်အခဲရှိပါက မိမိပိုင်ကြံစိုက်ခင်းအတွင်း သင့်လျော်သည့်အရွယ်အစားဖြင့် ဆောင်ရွက်နိုင်ပါသည်။

**တစ်ဧကနှုန်းထား**

- တစ်ဧကလျှင် နှစ်တန်မှ လေးတန်နှုန်းခန့် အသုံးပြုခြင်းဖြင့် ဓာတ်မြေသြဇာသုံးစွဲမှုကို ၄၀-၅၀ ရာခိုင်နှုန်းအထိ လျှော့ချစေနိုင်သလို ကြံစိုက်မြေ၏ အရည်အသွေးကို တိုးတက်ကောင်းမွန်စေကာ ရေရှည်တည်တံ့သောကြံအထွက်နှုန်းကို ရရှိစေပါသည်။

**ဓာတ်မြေသြဇာအသုံးလျှော့ချပြီး သဘာဝမြေဆွေး**
**စနစ်တကျတွဲဖက်အသုံးပြုစို့**

ကြံတောင်သူများ အထွက်နှုန်းတိုးတက်ပြီး သဘာဝပတ်ဝန်းကျင်နှင့် မြေဆီလွှာရေရှည်တည်တံ့ကောင်းမွန်စေရန် ရည်ရွယ်၍ စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲရှိ ဝန်ထမ်းများဦးဆောင်ကာ ကြံအဓိကစိုက်ပျိုးသည့်ဒေသများဖြစ်သည့် ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းနှင့် အနောက်ခြမ်းရှိမြို့နယ်များ၊ နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များနှင့် ရှမ်းပြည်နယ်တို့တွင် ဓာတ်မြေသြဇာလျှော့ချ၍ သဘာဝမြေသြဇာနှင့် မြေပြုပြင်မြေသြဇာများစနစ်တကျတွဲဖက်အသုံးပြုရေးဆိုင်ရာ ပညာပေးဆွေးနွေးပွဲများကို ဆောင်ရွက်လျက်ရှိကြရာ တောင်သူများကလည်း လက်တွေ့လိုက်နာ ဆောင်ရွက်ရမည့်အပိုင်းကို စိတ်ပါဝင်စားစွာ မေးမြန်းဆွေးနွေးကြပါသည်။

ကျန်ရှိနေသော တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိတောင်သူဦးကြီးများ အနေဖြင့်လည်း မိမိတို့စိုက်ခင်းမှရလာသော ကြံရွက်ခြောက် အပါအဝင် သီးနှံအကြွင်းအကျန်များကို အလဟဿမဖြစ်စေဘဲ အကျိုးရှိရှိ အသုံးချပြီး ဝင်ငွေများတိုးတက်ရရှိကာ လူမှုစီးပွားဘဝများအဆင်ပြေချောမွေ့ပါစေကြောင်း သတင်းစကားပါး ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၄၃ / ၂၀၁၆ )

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်
( ၂၀၁၆ ခုနှစ်၊ မေ လ ၁၈ ရက် )

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၇ - ၂ - ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃၂/၂၀၁၆ ) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦးအား ယှဉ်တွဲပါအတိုင်းအစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ကြည်း ၂၂၇၇၀<br>ဗိုလ်မှူးချုပ် ညီညီအောင် | အစား | ကြည်း ၂၉၁၉၇<br>ဗိုလ်မှူးချုပ် ကျော်လင်းအောင် |
| ( ခ ) | ကြည်း ၃၄၁၆၅<br>ဗိုလ်မှူးကြီး မြင့်ကို | အစား | ကြည်း ၂၇၄၇၂<br>ဗိုလ်မှူးကြီး မျိုးမြင့်အောင် |
| ( ဂ ) | ကြည်း ၂၈၄၅၁<br>ဒုတိယဗိုလ်မှူးကြီး အောင်နီ | အစား | ကြည်း ၂၇၉၂၉<br>ဗိုလ်မှူးကြီး ဇော်မြင့်ဦး |
| (ဃ) | ကြည်း ၂၅၂၉၅<br>ဗိုလ်မှူး ဇော်ဇော်မိုး | အစား | လေ ၂၀၈၄<br>ဗိုလ်မှူးကြီး အောင်မျိုးကျော် |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မေ ၁၈

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မိုး/ဇလ

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၄၄ / ၂၀၁၆ )

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်
( ၂၀၁၆ ခုနှစ်၊ မေ လ ၁၈ ရက် )

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် လေးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၁၁ - ၂ - ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် ( ၃၅/၂၀၁၆ ) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် လေးဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

(က) **မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၅၁၃၂၂<br>ဗိုလ်ကြီး ဝဏ္ဏနိုင် | အစား | ကြည်း ၃၈၂၈၉<br>ဗိုလ်မှူး မင်းသုခလှိုင် |

( ခ ) **ရခိုင်ပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၇၄၁၆၉<br>ဗိုလ်ကြီး လွင်အောင်မြတ် | အစား | ကြည်း ၅၃၇၆၄<br>ဗိုလ်ကြီး မျိုးညွန့် |

( ဂ ) **ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၅၁၂၇၆<br>ဗိုလ်ကြီး ဝဏ္ဏစိန်မြင့် | အစား | ကြည်း ၅၃၈၈၄<br>ဗိုလ်ကြီး ကျော်သူနိုင် |

(ဃ) **ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၃၉၆၇၃<br>ဗိုလ်မှူး အောင်ဇော်ထိုက် | အစား | ကြည်း ၄၅၀၄၉<br>ဗိုလ်မှူး ဇာနည်စိုး |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



## ဒုတိယဝန်ကြီး ဦးသိုက်စိုး ကျိုင်းတုံမြို့နယ် ဒေသထွက် အုတ်ကြွပ်အမိုးပြားထုတ်လုပ်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၁၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးသည် ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ် ဝမ်ဟာကျေးရွာ၌ ဒေသထွက် အုတ်ကြွပ်အမိုးပြားထုတ်လုပ်မှုဆိုင်ရာ သမဝါယမအသင်းသား အုတ်ကြွပ်ထုတ်လုပ်သူများ၊ ကျေးရွာသူ ကျေးရွာသားများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကာ မိသားစုဝင်ငွေတိုးပွားရေး တည်ဆောက်ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး အုတ်ကြွပ်စက် စတင်လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စုရန်ပုံငွေမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP)ဖြင့် ငွေကျပ်သိန်း ၁၅၀ ကို ကျေးရွာကော်မတီထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက် ဦးစီးဌာန လေးခုမှ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များ အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာန (တွံတေး) ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၁၈**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးသန်းဝင်းနှင့် ဦးအုန်းခိုင်တို့ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနအတွင်း အမျိုးသမီးများအား ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ အစားအစာကျွေးမွေးမှု၊ အိပ်ဆောင်များထားရှိမှု၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ပေးမှု၊ အကျင့်စာရိတ္တပြုပြင်ပေးခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်လာစေရေး၊ လူ့အသိုင်းအဝိုင်းအတွင်း တန်ဖိုးရှိသော အမျိုးသမီးများအဖြစ် ရပ်တည်နေထိုင်သွားနိုင်ရေးနှင့် ပညာသင်ကြားခွင့်၊ မိသားစုနှင့်ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့် ရရှိရေး၊ အသက်မွေးဝမ်းကျောင်းပညာဖြစ်သော အပ်ချုပ်သင်တန်း၊ သိုးမွေးထိုးသင်တန်းနှင့် အခြေခံမြန်မာ့သိုင်းပညာသင်တန်းများ သင်ကြားပေးနေမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်စသည့် အခြေခံလူ့အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးမှုတို့နှင့် ကော်မရှင်မှ ယခင်လာရောက်စစ်ဆေးခဲ့စဉ်က အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများကို မေးမြန်းမှတ်တမ်းတင်ကြပြီး ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာဌာနများသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။




**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒေါက်တာချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစီးပွားရေးဖိုရမ်နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် မေ ၁၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ် ကာဇန်မြို့၌ မေ ၁၃ ရက်မှ ၁၇ ရက်အထိ ကျင်းပသည့် (၁၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။



မေ ၁၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Roman Chekushov နှင့်တွေ့ဆုံ၍ အမှတ်(၁) သံမဏိစက်ရုံ(ပင်းပက်)ဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးမွေးမြူရေး အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် MSME ကဏ္ဍများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် Tyazhpromexport Co.,Ltd. (TPE) နှင့် တွေ့ဆုံပြီး အမှတ်(၁) သံမဏိစက်ရုံ (ပင်းပက်) နှင့်စပ်လျဉ်းသည့် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

မေ ၁၄ ရက် နံနက်ပိုင်းတွင် (၁၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်နှင့်စပ်လျဉ်း၍ ကျင်းပပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ပြီး ကာဇန်အပြည်ပြည်ဆိုင်ရာကုန်စည်ပြခန်း (Kazan Expo International Exhibition Center) တွင် ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုခေတ်ကုန်ဆုံးချိန်တွင် စီးပွားရေးလုပ်ငန်းလွတ်လပ်မှုနှင့် နည်းပညာဆိုင်ရာ အချုပ်အခြာအာဏာကို သေချာစေခြင်း ( Ensuring Freedom of Economic Activity and Technology Sovereigity in the Context of the end of the era of Globalization) ဆွေးနွေးပွဲသို့လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် အစ္စလာမ်မစ်နိုင်ငံများတွင် ရုရှားထုတ်ကုန်များကို မြှင့်တင်ခြင်း (Promotion of Russian Product in the Countries of the Islamic World) ဆွေးနွေးပွဲသို့လည်းကောင်း တက်ရောက်ခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများသည် တာတာစတန်ပြည်နယ် အကြီးအကဲ Mr. Rustam Minnikhanov နှင့်တွေ့ဆုံ၍ တာတာစတန်ပြည်နယ်သည် ရေနံဓာတုလုပ်ငန်း၊ Mechanical Engineering IT၊ စိုက်ပျိုးရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိမှု၊ ရုရှားနှင့် မြန်မာကြားရှိ ဆက်ဆံရေးကိုအခြေခံ၍ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ Dr. Kz Rais ၏ ၂၀၂၂ ခုနှစ်၌ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း စိုက်ပျိုးရေးထွက်ကုန်များ၊ ကုန်သွယ်ရေးနှင့် Alabuga Sez သို့ လုပ်သားစေလွှတ်ရေး၊ LoI နှစ်စောင်လက်မှတ်ရေးထိုးခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ လုပ်သားများ အချိန်မီစေလွှတ်နိုင်ရေးအတွက် ကူညီပံ့ပိုးပေးရေး၊ စီးပွားရေးနှင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရန် စီးပွားရေးဆွေးနွေးပွဲများ အပြန်အလှန် ကျင်းပရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မေ ၁၅ ရက်တွင် အိုမန်နိုင်ငံကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး ရေနံထွက်ကုန်များ၊ LNG တင်သွင်းနိုင်ရန် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မြန်မာလယ်ယာထွက်ကုန် ဆန်၊ သရက်သီး၊ ကော်ဖီ၊ ပဲမျိုးစုံတင်ပို့နိုင်ရေး၊ စီးပွားရေးနှင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရန် စီးပွားရေးဆွေးနွေးပွဲများ အပြန်အလှန်ကျင်းပရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် Sber Bank ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ငွေကြေးလွှဲပြောင်းခြင်းဆိုင်ရာကိစ္စရပ်များ၊ Gigachal AI တည်ဆောက်ထားသော AI CyberSecurity ကဏ္ဍများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။

မေ ၁၆ ရက် ညပိုင်းတွင် ကာဇန်ပြည်နယ် ဘဏ္ဍာရေးဝန်ကြီး Mr. Rustam Khusainovich က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

မေ ၁၇ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကာဇန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းအခြေခံသင်တန်း အမှတ်စဉ် (၂၂၆) သင်တန်းဖွင့်

ရန်ကုန် မေ ၁၈

အရာထမ်းအခြေခံသင်တန်းအမှတ်စဉ် (၂၂၆) ၏ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ပါမောက္ခချုပ် ဦးကျော်ထွေး၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ပညာဌာနများမှ ပါမောက္ခ (ဌာနမှူး) များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး ပါမောက္ခချုပ် ဦးကျော်ထွေးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၂၆) သို့ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၉၅ ဦး၊ သင်တန်းသူ ၁၁၄ ဦး စုစုပေါင်း ၂၀၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၁၈ ရက်မှ ဩဂုတ် ၇ ရက်အထိဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ညောင်တုန်းမြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်သင်တန်းဖွင့်

ညောင်တုန်း မေ ၁၈

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနက သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်သင်တန်း (၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို မြို့တော်ခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျင်စိုးတို့က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းသူက သင်တန်းတွင် စာတွေ့/လက်တွေ့သင်ကြားပို့ချမည့် သင်ခန်းစာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို မေ ၁၈ ရက်မှ ၂၂ ရက်အထိ စာတွေ့/လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်သာ

## (၁၈-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၅.၁ ~ ၃၆၆၈ | ၅၅၈ ~ ၅၅၈.၇ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၂၆၅,၃၇၀.၄၈ | ၁၄,၉၉၅,၅၀၈.၀၉ | ၄၇,၂၀၉,၁၉၉.၀၉ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ တိရစ္ဆာန်အစာ၊ စားသုံးကုန်စည် တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၄ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ဒေသန္တရစီမံကိန်းတာဝန်ပေးအပ်

ရန်ကုန် မေ ၁၈

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးအောင်ဘော်က အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာသိန်းဆွေက ဒေသန္တရစီမံကိန်းတာဝန်ပေးအပ်ခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများအား လုပ်ငန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



## ခြင်းလုံးဒိုင်လူကြီးနှင့် နည်းပြသင်တန်း (၁/၂၀၂၆) ဖွင့်ပွဲကျင်းပ



**နေပြည်တော် မေ ၁၈**

နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀) စီမံချက်ဖြင့် အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ခြင်းလုံးဒိုင်လူကြီးနှင့် နည်းပြသင်တန်း(၁/၂၀၂၆) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပရာ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

**ဖွင့်လှစ်သင်ကြား ပို့ချပေးမည်**

အဆိုပါ ခြင်းလုံးဒိုင်လူကြီးနှင့် နည်းပြသင်တန်း (၁/၂၀၂၆)ကို မေ ၁၈ ရက်မှ ၂၅ ရက်အထိ နည်းပြ ရှစ်ဦးတို့က သင်တန်းသား သင်တန်းသူ ၃၀ တို့ကို နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ ဘက်စုံသုံးခန်းမ၌ သင်တန်းကာလ ရှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## မွန်ပြည်နယ်အတွင်း ၂၀၂၆-၂၀၂၇ ပညာသင်နှစ် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းနေအရွယ်ကလေးများ ပညာသင်ကြားနိုင်ရေး စည်းဝေး

**မော်လမြိုင် မေ ၁၈**

မွန်ပြည်နယ်အတွင်း ၂၀၂၆-၂၀၂၇ ပညာသင်နှစ် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လဲ့လဲ့သိန်း ဓာတ်ခွဲဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် အခြေအနေများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၈**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လဲ့လဲ့သိန်းသည် မေ ၁၅ ရက်မှ ၁၈ ရက်အထိ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ နည်းပညာ တက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများသို့သွားရောက်၍ သက်ဆိုင်ရာ တက္ကသိုလ်နှင့် ကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ နည်းပညာဆိုင်ရာ အသုံးချသုတေသနလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့နောက် ကျောင်းများရှိ စာသင်ခန်းများ၊ လက်တွေ့စမ်းသပ်ခန်း (Lab)များ၊ အလုပ်ရုံများ၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ ဝန်ထမ်းအိမ်ရာများနှင့် အားကစားကွင်း တည်ဆောက်မည့် မြေနေရာများကို လှည့်လည်ကြည့်ရှုသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနရှိ အမျိုးသားဓာတ်ခွဲခန်း (National Laboratory) သို့ သွားရောက်ကာ ဓာတ်ခွဲဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ကြီးကြပ်ရေးအဖွဲ့များအား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများ ဆွေးနွေးပို့ချ

**ဝါးခယ်မ မေ ၁၈**

ဧရာဝတီတိုင်း ဒေသကြီး ဝါးခယ်မမြို့နယ် ရွှေခယ်သီရိ အားကစားခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ရပ်ကွက်/ကျေးရွာအုပ်စုများမှ ကြီးကြပ်ရေးအဖွဲ့များအား အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများကို ဆွေးနွေးပို့ချသည်။

**ခန့်အပ်လွှာများပေးအပ်**

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစွမ်းထက်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်တို့က အမှာစကားပြောကြားပြီး ရပ်ကွက်/




ကျေးရွာအုပ်စု ၇၄ အုပ်စုမှ ကြီးကြပ်ရေးအဖွဲ့ဝင်များအား ခန့်အပ်လွှာများ ပေးအပ်သည်။

ထို့နောက် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ(ပြန်/ဆက်)**

## မိတ္ထီလာမြို့၌ သမဝါယမအသင်းသားများထံ စုဆောင်းငွေပေါ် အတိုးထုတ်ပေး

**မိတ္ထီလာ မေ ၁၈**

မန္တလေးတိုင်း ဒေသကြီး မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက် ရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် သမဝါယမအသင်းသားများထံသို့ စုဆောင်းငွေအပေါ် အတိုးထုတ်ပေးခြင်းအခမ်းအနားကို အဆိုပါ သမဝါယမအသင်းဆိုင်၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ကျီတော်ကုန်းရပ်ကွက် ရောင်းဝယ်ရေးသမဝါယမအသင်း ဥက္ကဋ္ဌ ဦးဝင်းမောင်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်လွင်က အသင်းစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အကြံပြု ဆွေးနွေးသည်။ ဆက်လက်၍ အသင်းအမှုဆောင် ဦးထွန်းအောင်ကျော်က အသင်း၏ ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားဆွေးနွေးပြီး အသင်းသား အသင်းသူ ၆၈၄ ဦးထံသို့ စုဆောင်းငွေပေါ်အတိုး စုစုပေါင်း ငွေကျပ် ၆၉၀၆၉၀၀ ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**





## ဘုတ်ပြင်းမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် မျိုးစေ့ချကိရိယာ ပေးအပ်

**ဘုတ်ပြင်း မေ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်တွင် ရက်(၁၀၀) စီမံချက်ဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့ချကိရိယာပေးအပ်ခြင်းနှင့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးသင်တန်းကို မေ ၁၄ ရက်က အောက်လိပ်စံပြကျေးရွာ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညွန့်ဝင်းက မျိုးစေ့ချကိရိယာပေးအပ်ခြင်းနှင့် သင်တန်းပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တောင်သူများအား မျိုးစေ့ချကိရိယာများ ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးသင်တန်းကိုပို့ချရာ အောက်လိပ်စံပြကျေးရွာမှ တောင်သူ ၃၀ တက်ရောက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၂/ ၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ထိုက်တန်စွာချီးမြှင့်ပေးအပ်

နေပြည်တော် မေ ၁၈

"နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်" ဟူသည့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူစစ်မှုထမ်းအမှတ်စဉ် (၂/၂၀၂၄)တွင် မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးသွင်းပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေး တာဝန်များကို နိုင်ငံ့သားကောင်းများပီသစွာ စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းများသည် ယခုအခါ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ထိုသို့ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ် ချီးမြှင့်ပေးအပ်ခြင်းနှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော် အရာရှိကြီးများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သတ်မှတ်စစ်မှုထမ်းကာလကို တာဝန်ကျေပွန်စွာ ထမ်းဆောင် ပြီးမြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

အခမ်းအနားများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက ဂုဏ်ပြု အမှာစကားများ ပြောကြားကြသည်။ ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်၍ သတ်မှတ် စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားအသီးသီးသို့ တက်ရောက် လာကြသူများအား လက်ဖက်ရည်ဝိုင်းများ၊ ဂုဏ်ပြုနေ့လယ်စာများဖြင့် တည်ခင်းဧည့်ခံခဲ့၍ နိုင်ငံ့သားကောင်းစစ်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သတ်မှတ် စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများအနေဖြင့် ၎င်းတို့၏ ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက် စွန့်လွှတ် အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ခဲ့ကြသူများအဖြစ်လည်းကောင်း၊ နိုင်ငံကြီးသားပီသစွာဖြင့် ဥပဒေပါ တာဝန်များကို ကျေပွန်ခဲ့ကြသူများအဖြစ်လည်းကောင်း သမိုင်းဝင်ကမ္ပည်းမော်ကွန်းထိုး မှတ်တမ်းဝင်ခဲ့ကြပြီဖြစ်သည်။ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့ စစ်မှုထမ်းဆောင်စဉ် ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများ ရရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးခဲ့သည့်အပြင် နိုင်ငံတော်အတွက် လိုအပ်နေသည့်အချိန်တွင် အသက်ကို ပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏ အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့် တပ်မတော်က တန်ဖိုးထား လေးစားဂုဏ်ပြုလျက်ရှိကြောင်း သိရသည်။



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကျော်လင်းမောင် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။

ပြည်သူ့ စစ်မှုထမ်းများသည် သတ်မှတ် စစ်မှုထမ်းကာလ ပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက် အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင်(သို့) အလားတူရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်က ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။ ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ပြီးသူများအနေဖြင့် အလုပ်အကိုင်ရရှိရေးများနှင့် ပတ်သက်၍လည်း ၎င်းတို့ ဆန္ဒရှိပါက သက်ဆိုင်ရာ ဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်း သင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ရေးတို့အတွက် "စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ" က သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းအချို့သည်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက် တာဝန် ထမ်းဆောင်ကြသည်များလည်းရှိကြောင်း သိရသည်။

စာမျက်နှာ ၁၁ သို့ ❂

❖ **သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများအနေဖြင့် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက် စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ခဲ့ကြသူများအဖြစ်လည်းကောင်း၊ နိုင်ငံကြီးသားပီသစွာဖြင့် ဥပဒေပါ တာဝန်များကို ကျေပွန်ခဲ့ကြသူများအဖြစ်လည်းကောင်း သမိုင်းဝင်ကမ္ပည်းမော်ကွန်းထိုး မှတ်တမ်းဝင်ခဲ့ကြပြီဖြစ်**



ဧရာဝတီတိုင်းဒေသကြီး... 

ဧရာဝတီ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လူငယ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ



နေပြည်တော် မေ ၁၈

လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ လူငယ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ယနေ့နံနက် ၉ နာရီက နေပြည်တော် မင်္ဂလာသီရိဟိုတယ်ခန်းမ၌ တွေ့ဆုံသည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လို**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လက်ရှိ လူငယ်များအနေဖြင့် သမိုင်းကြောင်းအစဉ်အလာ ကောင်းမွန်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးသည် ယနေ့အခမ်းအနား တက်ရောက်လာကြသည့် အသင်းအဖွဲ့အစည်းများရှိ လူငယ်များတွင်လည်း တာဝန်ရှိပါကြောင်း၊ လူငယ်ကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုအောင်မြင်စေရန်အတွက် မိမိတို့ဝန်ကြီးဌာနနှင့် အသင်းအဖွဲ့အစည်းများ၊ ပြည်သူများ ယခုထက်ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျောင်းပြင်ပလူငယ်များ အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ ကျောင်းနေလူငယ်များ အသိပညာ၊ အတတ်ပညာ ပိုမိုပြည့်စုံလာစေရေး၊ နိုင်ငံ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို မေးမြန်းအကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေး ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အကြိုလှုပ်ရှားမှုဆောင်ရွက်

ပဲခူး မေ ၁၈

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အကြိုလှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

အခမ်းအနားကို ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း"သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြား၍ ကျောင်းဝတ်စုံများ၊ စာအုပ်၊ ခဲတံနှင့် ဘောပင်များ ပေးအပ်သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက "ဇာတိမာန်"သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်ပညာရေးဒီဂရီကောလိပ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာသင်တန်းဆင်းပွဲ တက်ရောက်

လွိုင်ကော် မေ ၁၈

လွိုင်ကော်ပညာရေးဒီဂရီကောလိပ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာ သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက ပညာရေးဒီဂရီကောလိပ် ကယားသဇင်ခန်းမဆောင်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအဲ့မော် တက်ရောက်ပြီး သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်ရာ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူကာ သင်တန်းသားသင်တန်းသူများက "ထာဝရသစ္စာ" သီချင်းဖြင့် ကပြဖျော်ဖြေပြီး ပြည်နယ်အတွင်းရေးမှူးက ချီးမြှင့်ငွေများပေးအပ်သည်။

အဆိုပါ သင်တန်းအမှတ်စဉ်(၁)တွင် သင်တန်းသား ၁၉၂ ဦး၊ အမှတ်စဉ်(၂)တွင် သင်တန်းသား ၄၅ ဦး စုစုပေါင်းသင်တန်းသား ၂၃၇ ဦး တက်ရောက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# လပွတ္တာမြို့နယ်၌ ကျောင်းနေအရွယ်ကလေးအားလုံး အပြည့်အဝကျောင်းအပ်နှံရေး တွေ့ဆုံဆွေးနွေး

လပွတ္တာ မေ ၁၈

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးအားလုံး အပြည့်အဝကျောင်းအပ်နှံရေးအတွက် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် အခြေခံပညာကျောင်းအုပ်ကြီးများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အောင်တော်မူဘုရားတန်ဆောင်း၌ ကျင်းပသည်။

ဦးစွာ လပွတ္တာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး လွှတ်တော်ကိုယ်စားလှယ်များက တွေ့ဆုံမိတ်ဆက်စကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးကျော်ဝင်းက လပွတ္တာမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၏ ကျောင်းအပ်နှံမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး စက်မှုသိပ္ပံနှင့် စိုက်ပျိုးမွေးမြူရေးကျောင်းသားများ၏ အခွင့်အလမ်းများကို အစိုးရစက်မှုလက်မှုသိပ္ပံ(လပွတ္တာ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဝတ်ရည်လှိုင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာနွယ်နွယ်အောင်နှင့် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးတို့က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# တာမွေမြို့နယ်၌ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ရန်ကုန်တိုင်း)တို့၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပြန်ကြားရေးနှင့်



ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် သာသနာနုဂ္ဂဟအသင်းတို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သော နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့က လူထုအခြေပြုဇဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သာသနာနုဂ္ဂဟအသင်း ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးအောင်လင်းနှင့် ဦးမင်းနိုင်တို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းနည်းပြများအား လက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ သင်တန်းသား သင်တန်းသူများအား ထူးချွန်ဆုများ၊ သင်တန်းဆင်းလက်မှတ်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီလှူဒါန်းပေးခဲ့ကြသူ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# သာယာဝတီမြို့၌ ကျောင်းအပ်နှံရေးနေ့ အကြိုလှုပ်ရှားမှုအခမ်းအနား ကျင်းပ

သာယာဝတီ မေ ၁၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အကြိုလှုပ်ရှားမှု "နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့" အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အထက(၁) ပည္ဘာအားမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဦးသန်းဆွေဦးက ကျောင်းအပ်လက်ခံဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် ပညာရေးရည်မှန်းချက်ဆောင်ရွက်မှုကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးကျော်နိုင်က သာယာဝတီမြို့နယ်အတွင်း ကျောင်းများတွင် မေ ၂၅ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျောင်းအပ်နှံနိုင်ရေး ကျောင်းအုပ်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ပေါင်းစပ်ဆောင်ရွက်ပေးကြပါရန် ပြောကြားခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပို့ကုန် မြန်မာ့ကော်ဖီ တိုးတက်စိုက်ပျိုးခြင်းမှသည် နိုင်ငံခြားဝင်ငွေ ရှာကြမည်

**ခါးသက်သက်အရသာ၊ နက်ရှိုင်းသည့် ရနံ့ရှိသည့် ကော်ဖီတစ်ခွက်က ကြည်လင်လန်းဆန်းမှုကို ပေးစွမ်းသည်။ ကော်ဖီ၏ ခါးသက်မှုအရသာကို နို့ပျစ်ပျစ်နှင့် ပေါင်းစပ်လိုက်သည့်အခါ လူကြိုက်များသည့် Cappuccino ကော်ဖီ ဖြစ်လာသည်။**

**မင်းမင်း**

နို့နည်းနည်း၊ ကော်ဖီအနှစ်ပျစ်ပျစ် များများ ပါဝင်သည့် Espresso ကလည်း ကော်ဖီချစ်သူများ အကြိုက်။ နို့နှင့် Creamy များသည့် ပုံစံ Caf Latte၊ ကော်ဖီအသားချည်း သို့မဟုတ် ကော်ဖီပလိန်း Americano၊ ကော်ဖီ၊ ချောကလက်၊ နွားနို့ ပါဝင်သည့် ကော်ဖီ Mocha၊ နို့မပါဘဲ ကော်ဖီနှင့် Creamy အချိုးကျဖျော်စပ်သည့် Caramel Macchiato တို့ကိုလည်း ကော်ဖီချစ်သူများက နေ့စဉ်သောက်သုံးကြသည်။

သောက်သုံးသူအကြိုက် အမျိုးမျိုးဖျော်စပ်သောက်သုံးကြသော ကော်ဖီသည် ကော်ဖီမျိုးစိတ် (Species) ပေါင်း ၁၂၀ ခန့်ရှိကြောင်း သိရသည်။ ကုန်းမြင့်ကော်ဖီဖြစ်သည့် အာရေးဗီးကား၊ မြေနိမ့်ကော်ဖီဖြစ်သည့် ရိုဘတ်စတာ၊ လိုက်ဘရီကာ၊ အိတ်ဆယ်စာစသည့် ကော်ဖီမျိုးစိတ်များကို စီးပွားဖြစ် စိုက်ပျိုးမှုများသည်။ ပင်လယ်ရေမျက်နှာပြင်အမြင့်အလိုက် ကော်ဖီကို ရွေးချယ်စိုက်ပျိုးကြသည်။

"ကျွန်တော်တို့ မြန်မာ့ကော်ဖီက ပြည်ပပို့ကုန်တစ်ခုပါ။ ဒါကြောင့် မြန်မာ့ကော်ဖီကို အရေအတွက်များများ၊ အရည်အသွေးမြင့်မြင့် ထုတ်လုပ်ရောင်းချဖို့ လိုအပ်နေပါပြီ။ ကျွန်တော်ကတော့ တောင်ငူမှာ အာရေးဗီးကားနဲ့ ရိုဘတ်စတာ နှစ်မျိုးကို စိုက်ပျိုးထုတ်လုပ်ပါတယ်။ ပြည်တွင်းဈေးကွက် Icon နဲ့ City mart တွေမှာ ရောင်းချဖို့ လုပ်ဆောင်နေပါတယ်။ ပဲခူး၊ တောင်ငူ၊ ရေတာရှည်၊ ပြည်၊ တောင်ကြီး၊ မန္တလေး၊ နေပြည်တော်၊ မော်လမြိုင်၊ ဘားအံ၊ ရန်ကုန်စတဲ့မြို့တွေကို တင်ပို့ရောင်းချနေပါတယ်။ Green Bean ကိုတော့ ရွာငံ၊ ရန်ကုန်၊ တောင်ကြီးမြို့တွေကို ရောင်းချပါတယ်။ ပြည်ပပို့နိုင်ဖို့လည်း ကြိုးစားနေပါတယ်" ဟု Light House Coffee Myanmar မှ ဦးဇေယျာမင်းက ပြောသည်။

**အများအပြားစိုက်ပျိုး**

ကော်ဖီပင်သည် နှစ်ရှည် သီးနှံပင်မျိုးဖြစ်သည်။ တစ်ခါစိုက်ပျိုးပြီး အပင်ဖြစ်ထွန်းပါက သားသမီး မြေးမြစ်အထိတိုင် ဝင်ငွေရရှိမည့် သီးနှံဖြစ်သည်။ မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများအပြား စိုက်ပျိုးကြသည်။ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးမှုရှိသည်။

**★ နိုင်ငံတကာဈေးကွက်ဝင် မြန်မာ့ကော်ဖီသည် အလားအလာကောင်းများစွာ ပိုင်ဆိုင်ထားသည့် သီးနှံဖြစ်သည်။ မြန်မာ့ကော်ဖီမှ နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိရေး ကြိုးပမ်းကြရမည်**

**★ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းစဉ် ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးရေး၊ ပြည်ပပို့ကုန်အဖြစ် တိုးမြှင့်တင်ပို့နိုင်ရန် ကော်ဖီတိုးချဲ့စိုက်ပျိုးရေး၊ လက်ရှိ စိုက်ကေများတွင် အထွက်နှုန်းများ ကောင်းမွန်ရေးတို့ကို စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကော်ဖီအသင်းအဖွဲ့များ၊ ကော်ဖီစိုက်ပျိုးသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးပြီးဧရိယာ စုစုပေါင်း ၂၇၉၂၀ ဟက်တာ (၆၈၉၉၄ ဧက) ခန့်ရှိပြီး ထုတ်လုပ်မှုဧရိယာမှာ ၁၃၉၈၇ ဟက်တာ (၃၄၅၆၃ ဧက) ခန့်ရှိသည်။ တစ်နိုင်ငံလုံးအနေဖြင့် ကော်ဖီဆန်ထွက်ရှိမှုသည် တန်ချိန် ၁၀၀၀၀ ခန့်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြန်မာ့ကော်ဖီသည် အနံ့၊ အရသာနှင့် အရည်အသွေးပိုင်း ထူးကဲကောင်းမွန်သည့်အတွက် နိုင်ငံတကာကော်ဖီဈေးကွက်တွင် နာမည်ကောင်းရရှိထားသည်။ ထိပ်တန်းရောက်သည်။ မြန်မာ့ကော်ဖီကို အမေရိကန်နိုင်ငံ၊ ဥရောပ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိသည်။

"ကျွန်တော်တို့နိုင်ငံမှာ အာရေးဗီးကားနဲ့ ရိုဘတ်စတာကော်ဖီမျိုးတွေ အဓိကစိုက်ကြပါတယ်။ အာရေးဗီးကားကို မန္တလေးတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်မှာ အများဆုံး စိုက်ပျိုးကြတယ်။ အာရေးဗီးကားမျိုး ၂၉ မျိုးရှိပြီးတော့ မှတ်ပုံတင်ပြီးမျိုး ၁၆ မျိုးရှိပါတယ်။ SL-28၊ SL-34၊ S-795၊ Catuai၊ Caturra၊ Catimor၊ P-88 နဲ့ P-90 မျိုးတွေကို အများဆုံးစိုက်ပျိုးကြတယ်။ ရိုဘတ်စတာကော်ဖီမျိုးကိုတော့ ကရင်ပြည်နယ်ဘက်မှာ အများဆုံး စိုက်တယ်။ ဒေသမျိုးတွေအပါအဝင် ၁၀ မျိုးကျော်ရှိပါတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးခင်ဇော်က ပြောကြားသည်။

**အလားအလာကောင်းများစွာ ပိုင်ဆိုင်ထား**

နိုင်ငံတကာဈေးကွက်ဝင် မြန်မာ့ကော်ဖီသည် အလားအလာကောင်းများစွာ ပိုင်ဆိုင်ထားသည့် သီးနှံဖြစ်သည်။ မြန်မာ့ကော်ဖီမှ နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ ထို့ကြောင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းစဉ် ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးရေး၊ ပြည်ပပို့ကုန်အဖြစ် တိုးမြှင့်တင်ပို့နိုင်ရန် ကော်ဖီတိုးချဲ့စိုက်ပျိုးရေး၊ လက်ရှိစိုက်ကေများတွင် အထွက်နှုန်းများ ကောင်းမွန်ရေးတို့ကို စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကော်ဖီအသင်းအဖွဲ့များ၊ ကော်ဖီစိုက်ပျိုးသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံကော်ဖီအသင်းအပါအဝင် ကော်ဖီအစုအဖွဲ့များနှင့် ပူးပေါင်းကာ စိုက်ပျိုးရေးဦးစီးဌာနက မြန်မာ့ကော်ဖီအရည်အသွေး ပိုမိုမြင့်မားလာ၍ ထုတ်လုပ်မှုပမာဏ တိုးတက်လာစေရန် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ၊ ပညာပေးသင်တန်းများ၊ မျိုးစေ့ ပျိုးပင်ပျိုးထောင် ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် စိုက်ပျိုးရေးဦးစီးဌာနက ကော်ဖီသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် တောင်သူပညာပေးစံပြကွက်များနှင့် အသုံးချသုတေသန စမ်းသပ်ကွက်အမျိုးမျိုးတို့ကို စိုက်ပျိုးပြသလျက်ရှိသည်။

ထို့ပြင် စိုက်ပျိုးရေးထုတ်ကုန်များအား ဘေးအန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်နိုင်ရေးနှင့် စားသောက်ကုန်များတွင် ဓာတုဓာတ်ကြွင်းများ မကျန်ရှိစေရေးတို့အတွက် ကောင်းမွန်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် သက်ဆိုင်သည့် သင်တန်းများကို ပို့ချပေးလျက်ရှိကာ အဆိုပါလုပ်ငန်းစဉ်များအတိုင်း လိုက်နာပြီး စိုက်ပျိုးထုတ်လုပ်သော ကော်ဖီစိုက်ခင်းများကို ကော်ဖီ GAP အသိအမှတ်ပြုလက်မှတ်များ ရရှိရေးကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

"နိုင်ငံတော်အတွက် ကော်ဖီက ပို့ကုန်တစ်ခုဖြစ်ပြီးတော့ အလားအလာရှိတဲ့ သီးနှံပါ။ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကနေ အကျိုးအမြတ် ရရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့လို ကော်ဖီလုပ်ငန်းရှင်တွေကလည်း တိုးတက်စိုက်ပျိုးထုတ်လုပ်ချင်ပါတယ်။ မြန်မာ့ကော်ဖီကဏ္ဍ ပိုပြီးဖွံ့ဖြိုးဖို့ သမဝါယမပုံစံမျိုး၊ နှစ်စဉ် ကော်ဖီစိုက်ကေတွေ တိုးချဲ့လုပ်ဆောင်နိုင်ဖို့ ဥယျာဉ်သစ်တော ရောနှောစိုက်စနစ်မျိုးတွေ ဖော်ဆောင်ပေးစေလိုပါတယ်။ တိုးတက်စိုက်ပျိုးနိုင်ဖို့ နိုင်ငံတော်ကနေ စိုက်ပျိုးလုပ်ကိုင်မယ့် လုပ်ငန်းရှင်တွေကို မြေအငှားစနစ်လည်း ဖော်ဆောင်ပေးစေချင်ပါတယ်" ဟု Light House Coffee Myanmar မှ ဦးဇေယျာမင်းက အကြံပြုပြောကြားသည်။

အချုပ်အားဖြင့်ဆိုရလျှင် ကော်ဖီ တိုးတက်စိုက်ပျိုးရန် လိုအပ်သည့် ရေ၊ မြေ သယံဇာတ ပြည့်စုံစွာ တည်ရှိနေသည်။ စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်မည့် နည်းပညာများကိုလည်း စဉ်ဆက်မပြတ်မျှဝေလျက်ရှိသည်။ နိုင်ငံတကာ ဈေးကွက်အထိ အဆင့်တစ်ခု ထိုးဖောက်ရရှိထားပြီဖြစ်သည်။ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် စနစ်တကျ တိုးတက်စိုက်ပျိုးပါက ကော်ဖီသီးနှံဖြင့် စီးပွားဖြစ်ထွန်းသည့် လုပ်ငန်းရှင်သာဓကများလည်း ရှိနေပြီ ဖြစ်သည်။ ထို့ကြောင့် အရည်အသွေးပြည့် ကော်ဖီကို တိုးတက်စိုက်ပျိုးထုတ်လုပ်ပြီး ပို့ကုန်အမယ် မြန်မာ့ကော်ဖီ၏ ဝိသေသလက္ခဏာဖြင့် နိုင်ငံခြားဝင်ငွေ ကြိုးပမ်းရှာဖွေကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ရန်ကုန်ယူနိုက်တက်အသင်း ပထမဆုံး နိုင်ငံခြားသားကစားသမားခေါ်ယူ

ရန်ကုန် မေ ၁၈

မြန်မာနေရှင်နယ်လိဂ်ကလပ် ရန်ကုန်ယူနိုက်တက်အသင်းသည် လာမည့်ရာသီအတွက် ပထမဆုံး နိုင်ငံခြားသားကစားသမားခေါ်ယူမှုအဖြစ် ကင်မရွန်းတိုက်စစ်မှူး မူစတာဖာကို ခေါ်ယူလိုက်ပြီဖြစ်သည်။




မူစတာဖာသည် ပြီးခဲ့သည့်ရာသီက ရခိုင်ယူနိုက်တက်အသင်းတွင် ခြေစွမ်းပြကစားခဲ့သူဖြစ်ပြီး ထိပ်သီးကလပ် ရန်ကုန်ယူနိုက်တက်အသင်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။ မူစတာဖာသည် ကင်မရွန်း သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများတွင် ရွေးချယ်ခံရဖူးသူဖြစ်ပြီး အယ်လ်ဘေးနီးယား၊ တူနီးရှားစသည့် ကလပ်အသင်းများတွင် ကစားခဲ့သူဖြစ်သည်။

ရန်ကုန် ယူနိုက်တက်အသင်းသည် လာမည့်ရာသီအတွက် ပြင်ဆင်မှုများ ပြုလုပ်နေပြီး အာဂျင်တီးနား နိုင်ငံသားကို နည်းပြချုပ်အဖြစ် ခန့်အပ်ထားသလို ရာသီသစ်အတွက် ကစားသမားသစ်များ စတင်ခေါ်ယူနေခြင်းဖြစ်သည်။ **သတင်း မောင်စံကြီး၊ ဓာတ်ပုံ - YUFC**

**❐ ကျောဖုံးမှ**

တတိယပွဲငယ် ပြန်လည်ယှဉ်ပြိုင်ခဲ့ရသည်။ တတိယပွဲငယ်အစတွင် မြန်မာအသင်းက တောက်လျှောက်ဦးဆောင်နိုင်သော်လည်း ၉ မှတ်စီ ပြန်တူညီသွားသဖြင့် လက်ကျန်ပွဲချိန်များမှာ အမှားမခံသည့်အနေအထားပြန်ဖြစ်သွားသည်။ သို့သော် ပွဲပြီးခါနီးတွင် အမှတ်များ ဆက်တိုက်ရယူကာ ၁၅-၁၂ မှတ်ဖြင့် အနိုင်ရခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၁၉ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် အိန္ဒိယအသင်း၊ အိမ်ရှင်မလေးရှားအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - ISTAF**

## ကမ္ဘာ့ချန်ပီယံရှစ်ရေကူးပြိုင်ပွဲသို့ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ရေကူးအားကစားသမား ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် မေ ၁၈

ဂျပန်နိုင်ငံ ရှင်ဇူအိုကာမြို့တွင် ၂၀၂၆ ခုနှစ် မေ ၂၆ ရက် မှ ၃၁ ရက်အထိ ကျင်းပပြုလုပ်သွားမည့် World Championships, Para Swimming World Series Fuji-Shizuoka 2026 ပြိုင်ပွဲအား မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ရေကူးအားကစားသမား မောင်ညီညီလင်းထက် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ အုပ်ချုပ်သူဒေါက်တာ လောဟအောင်နှင့်အတူ (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုလေးခု ရရှိခဲ့သောရေကူးအားကစားသမား မောင်ညီညီလင်းထက်သည် မီတာ ၅၀ ရင်ပေါင်တန်းကူး၊ မီတာ ၅၀၊ ၁၀၀၊ ၂၀၀ အလွတ်ကူးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဗလ**

**✳ ဘာစီလိုနာအသင်းမှ**

ဘာစီလိုနာအသင်းဟာ ရီးယဲလ်ဘတ်တစ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် လက်ကျန်တစ်ပွဲအလိုမှာ ၉၃ မှတ်အထိ စုဆောင်းနိုင်ခဲ့ပြီး အခုပွဲစဉ်မတိုင်မီကတည်းက စပိန်လာလီဂါဖလားကို ဆွတ်ခူးထားခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

**❂ ဖိလစ်ပိုင်မှ**

မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် ပဏာမကစားသမား ၃၁ ဦးဖြင့် စခန်းဝင်လေ့ကျင့်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းက ဆက်လက်တာဝန်ယူကိုင်တွယ်လျက်ရှိသည်။

**သတင်း - ညီမြတ်သော်တာ**
**ဓာတ်ပုံ - MFF**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် မေ ၁၈

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ကလေးငယ်များရဲ့ အနာဂတ်ကို လက်တွေ့အကောင်အထည်ဖော်ပေးနေသော အစိုးရနှင့် နိုင်ငံရေးခေါင်းစဉ်အောက်မှာ ကလေးငယ်တွေကို အသုံးချနေတဲ့ အစိုးရအမည်ခံ အဖွဲ့အစည်း"** ခေါင်းစဉ်ဖြင့် မေ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်ပါသည်။ လာမည့်အပတ် မေ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် **"ဓားပြတိုက်၊ ဆက်ကြေးကောက်၊ အလှူခံအလုပ်နဲ့ပဲ ဇာတ်သိမ်းတော့မည့် ဦးတည်ရာပြောင်းလာပြီဖြစ်သော ကိုယ်ကျိုးရှာတော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ဆက်လက် ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။

အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

## (၇၈) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်များအား ချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပမည်

နေပြည်တော် မေ ၁၈

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၈၈ ခုနှစ် နယုန်လဆန်း ၁၄ ရက်၊ ၂၀၂၆ ခုနှစ် မေ ၂၉ ရက် (သောကြာနေ့) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များအပါအဝင် ပင့်သံဃာ ၃၃ ပါး၊ ယခုနှစ်တွင်အောင်မြင်တော်မူကြသော တိပိဋကဓရ တိပိဋကကောဝိဒ တစ်ပါး၊ မူလအာဘိဓမ္မိက သုံးပါး၊ ဒီဃဘာဏက တစ်ပါး၊ ဝိနယကောဝိဒ ခုနစ်ပါး၊ ဝိနယဓရ ၂၈ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ၁၁ ပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၆ ပါး စုစုပေါင်း သံဃာတော် ၁၃၃ ပါးတို့အား လှူဖွယ်ပစ္စည်းများဖြင့် ချီးကျူးပူဇော်မည်ဖြစ်ပါသဖြင့် အလှူရှင်များအနေဖြင့် လှူဖွယ်ပစ္စည်းများကို သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲမှ ညွှန်ကြားရေးမှူး ဖုန်း ၀၉-၄၄၂၂၂၄၈၄၊ ဒုတိယညွှန်ကြားရေးမှူး ဖုန်း ၀၉-၄၃၀၆၇၁၆၈ သို့ ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ၂၀၂၆ ခုနှစ် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းစခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများ စခန်းပေါင်းစုံလှေလှော်ရွက်တိုက်ပြိုင်ပွဲနှင့် ရေတပ်သားအချက်ပြဆက်သွယ်ရေးပြိုင်ပွဲများပြုလုပ်၊ ရန်ကုန်မြစ်တွင်းမှပင်လယ်ဝနှင့် သန်လျင်တပ်နယ်တို့သို့လေ့လာရေးသွားရောက်

နေပြည်တော် မေ ၁၈

ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၆)သို့ တက်ရောက်လျက်ရှိသည့် သင်တန်းသား သင်တန်းသူများ၏ စခန်းပေါင်းစုံလှေလှော်ရွက်တိုက်ပြိုင်ပွဲနှင့် အခြေခံရေတပ်သား အချက်ပြဆက်သွယ်ရေးဆိုင်ရာ ပြိုင်ပွဲများကို မေ ၁၇ ရက် နံနက်ပိုင်းတွင် တပ်မတော်(ရေ)လှေလှော်ရွက်တိုက်အသင်း (အင်းလျားကန်)၌ပြုလုပ်ရာ တပ်မတော်( ရေ)မှ အရာရှိကြီးများ၊ သင်တန်းသား သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းအုပ်ချုပ်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။



ထို့နောက် သင်တန်းအလိုက် လက်ရိုက်အလံအချက်ပြပို့/ဖမ်းခြင်းလက်တွေ့ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ လေးယောက်လှော်ဝမ်းပြား မီတာ(၃၀၀) ပြိုင်ပွဲနှင့် Optimist ရွက်လှေပြိုင်ပွဲတို့အား နေပြည်တော်စခန်းတန်းခွဲ(၁)၊ နေပြည်တော်စခန်းတန်းခွဲ(၂)၊ အင်းလျားစခန်း၊ ကိုကိုးကျွန်းစခန်း၊ ပုသိမ်စခန်း၊ ဟိုင်းကြီးကျွန်းစခန်း၊ မော်လမြိုင်စခန်း၊ မန္တလေးစခန်း၊ ဟိန်းဇဲစခန်း၊ မြိတ်စခန်း၊ ကျွန်းစုစခန်း၊ ဘားအံစခန်းနှင့် ကျိုင်းတုံစခန်းစသည့် ရေကြောင်းလူငယ်သင်တန်း စခန်း(၁၃)ခုတို့မှ သင်တန်းသား သင်တန်းသူများက အသင်းလိုက် ပါဝင်ယှဉ်ပြိုင်ကြသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ရေကြောင်းလူငယ်စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် သင်တန်းနည်းပြများ၊ သင်တန်းအုပ်ချုပ်သူများ၊ တာဝန်ရှိသူများနှင့်အတူ သန်လျင်တပ်နယ်ရှိ နယ်မြေခံရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆို၍ သီရိမဟာဇေယျကျော်ထင်ခန်းမ၌ တပ်မတော်(ရေ) သမိုင်းမှတ်တမ်းကိုပြသသည်။ ၎င်းနောက် စာသင်ဆောင်ရှိသင်ထောက်ကူပစ္စည်းခန်းများအား လေ့လာခြင်း၊ Damage Control Simulator(Zarmani)၊ Ship Handling Simulator၊ Engine Room Simulator၊ Small Arm Simulator များအား လေ့လာခြင်းနှင့် သမိုင်းဝင်စစ်ရေယာဉ်(မေယု) အား သွားရောက်ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်ကြရာ တာဝန်ရှိသူအသီးသီးက ရှင်းလင်းပြသကြသည်။

ယင်းနောက် စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် နယ်မြေခံ ရေတပ်သင်္ဘောကျင်းဌာနချုပ်သို့ရောက်ရှိခဲ့ကြပြီး ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများ၊ လွန်းတင်ပြင်ဆင်လျက်ရှိသော ရေယာဉ်များ၏ ပြုပြင်ရေးဆောင်ရွက်နေမှုများနှင့် စိတ်ဓာတ်မြှင့်တင်ရေးခန်းမသို့ လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် တပ်မတော်(ရေ)မှ စစ်ရေယာဉ်နှစ်စင်းဖြင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် လေ့လာရေး သွားရောက်ကြရာ လေ့လာရေးခရီးစဉ်အတွင်း စစ်ရေယာဉ်များ၏ ရေယာဉ်ဆိုင်ရာအချက်အလက်များ၊ လက်နက်နှင့် လက်နက်စနစ်များ၊ စက်ပိုင်းဆိုင်ရာစနစ်များ၊ ရေကြောင်းသွားလာရေးဆိုင်ရာ အထွေထွေဗဟုသုတများ၊ ဆက်သွယ်ရေးနှင့် အီလက်ထရွန်နစ်ဆိုင်ရာစနစ်များ၊ ရေယာဉ်ခုတ်မောင်းနေစဉ် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များနှင့် အခြားသိသင့်သိထိုက်သည်များကို စိတ်ပါဝင်စားစွာလေ့လာခဲ့ကြပြီး တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးရာသီတွင်စိုက်ပျိုးမည့် လူထုဖြန့်ပျိုးပင်များ ထုတ်ပေးသွားမည်

ရွှာင် မေ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွှာင်မြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၂၆ ခုနှစ် မိုးရာသီတွင် ဖြန့်ဝေစိုက်ပျိုးမည့်လူထုဖြန့်ပျိုးပင်များကို ဇွန် ၁ ရက်တွင် စတင်ထုတ်ပေးသွားမည်ဖြစ်သည်။

ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှုအနေဖြင့် မြို့နယ်သစ်တောဦးစီးဌာနက ပျိုးထောင်ထားရှိသည့် လူထုဖြန့်ပျိုးပင် စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ငုရွှေဝါ၊ ငုစပ်၊ ကံ့ကော်၊ ခရေ၊ မဟော်ဂနီ၊ ကျွန်း၊ ခါတော်မီ၊ မဲဇလီ၊ ယူကလစ် ပျိုးပင်ပေါင်း ၃၄၀၀၀ ကို ဘုန်းတော်ကြီးကျောင်းနှင့် သာသနနယ်မြေများ၊ ဌာနဆိုင်ရာများ၊ တပ်ရင်း/တပ်ဖွဲ့များ၊ ပရဟိတအဖွဲ့များ၊ ကျေးရွာလူထုများသို့ ထုတ်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးကျော်ဝင်းထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## အင်္ဂပူမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေပေးအပ်

အင်္ဂပူ မေ ၁၈

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အမှာစကားပြောကြားပြီး မြို့နယ်ဘဏ်ခွဲမန်နေဂျာ ဦးရည်မွန်က ချေးငွေစည်းကမ်းများအား ရှင်းလင်းပြောကြားသည်။



ထို့နောက် ဒယ်ပုတ်ကွင်းရွာအုပ်စုရှိတောင်သူများထံသို့ စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

## အခြေခံလေကြောင်းလူငယ်နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများ သင်တန်းစခန်းအလိုက် ပြိုင်ပွဲများကျင်းပ

နေပြည်တော် မေ ၁၈

အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့် လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၂၀ တွင် လေ့ကျင့်သင်ကြားလျက်ရှိရာ မေ ၁၇ ရက်တွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းသို့ စုံလင်စွာရောက်ရှိကြသည်။

အဆိုပါအခြေခံ လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀) နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းစခန်းပေါင်းစုံမှ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၀၄၄ ဦးသည် ယနေ့နံနက်ပိုင်းတွင် အခြေခံစစ်ရေးပြ (လက်နက်မဲ့၊ လက်နက်ပါ) ပြိုင်ပွဲများကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် Flight Simulator နှင့် RC Simulator မောင်းနှင်ခြင်းပြိုင်ပွဲများကို လည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများကို တာဝန်ရှိသူများ၊ သက်ဆိုင်ရာ သင်တန်းစခန်းအသီးသီးမှ အုပ်ချုပ်သူနည်းပြများ၊ ဆရာ ဆရာမများနှင့် သင်တန်းသားများက တက်ရောက်အားပေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိ
# တရုတ်နိုင်ငံသား တစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် မေ ၁၈

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။



ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ ဝန်းကျင်ရှိ ဆိုက်အတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသား တစ်ဦး ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေ ၁၈ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၅၈ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၂၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၃၆ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး(လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၆၆ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၇၀ တို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်မြို့၌ သစ်စိမ်းမြေသြဇာစုပေါင်းကြဲပက်

ပြည် မေ ၁၈

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) စုပေါင်းကြဲပက်ပွဲကို ယနေ့နံနက် ၈ နာရီက ဆောင်ရွက်သည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဝင်းထွန်းနှင့် တာဝန်ရှိသူများက မော်ဇာအုပ်စုရှိ ဟင်းသီးဟင်းရွက် တစ်အုပ်တစ်မ စိုက်ပျိုးထားရှိမှုနှင့် အီးအမ်ဘိုကာရှီ မြေဆွေးပုံများ ပြုလုပ်သုံးစွဲမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ဒုတိယတိုင်းဒေသကြီးဦးစီးမှူးနှင့် အဖွဲ့ဝင်များသည် ဓာတုဓာတ်မြေသြဇာလျှော့ချသုံးစွဲရေးအတွက် သဘာဝမြေသြဇာများကို တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲတတ် စေရေးနှင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့ကို အလေးထားဆောင်ရွက်ကြရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဝဏ္ဏထွန်း(ပြန်/ဆက်)**

## အုတ်တွင်းမြို့နယ်၌ ဆပ်ပြာဆီပြုလုပ်နည်းသင်တန်း ဖွင့်လှစ်

အုတ်တွင်း မေ ၁၈

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်တွင် ယနေ့နံနက် ၁၀ နာရီက ဆပ်ပြာဆီပြုလုပ်နည်းသင်တန်းကို လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အိအိထွန်းက အမှာစကားပြောကြားပြီး ဆပ်ပြာဆီပြုလုပ်နည်းအား လက်တွေ့သရုပ်ပြသပေးခဲ့သည်။



သင်တန်းသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်စန္ဒာဌေး၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ Woman Club အသင်းနာယကနှင့် အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

## အခြေခံသမဝါယမအသင်းများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

ရမည်းသင်း မေ ၁၈

သမဝါယမဦးစီးဌာန အနေဖြင့် အခြေခံ သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရမည်းသင်းမြို့နယ် အတွင်း အခြေခံသမဝါယမအသင်းများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ထုတ်လုပ်မှုတိုးမြှင့်နိုင်ရန် ကံသာအေးကျေးရွာရွှေကံသာအေး စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း၊ ထိန်ကန်ကျေးရွာ ငွေပဒေသာ-၁ စိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်း၊



အင်းကြင်းကန်(ကံလှ)ကျေးရွာ လုပ်သား စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသား တောင်သူများ စိုက်ပျိုးသည့် သီးနှံများ စနစ်တကျ စိုက်ပျိုးရေး၊ လူမှုစီးပွားဘဝ မြှင့်တင်ရေး၊ ကျေးရွာများ အမြန်ဖွံ့ဖြိုးရေးတို့ကို ဒုတိယညွှန်ကြားရေးမှူးချုပ်(စီးပွား)ဦးအောင်ပြည့်စိုးနှင့် တာဝန်ရှိသူများက ယမန်နေ့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ကူတိုကျေးရွာ ရတနာရွှေကူ စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသို့ သွားရောက်၍ နွားမွေးမြူရေး ဆောင်ရွက်ရာတွင် စနစ်တကျ မွေးမြူရေးနှင့် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုဇော်(ရမည်းသင်း)**

## ကျောင်းကုန်းမြို့၌ စားအုန်းဆီများ ဈေးနှုန်းသက်သာစွာရောင်းချပေး

ကျောင်းကုန်း မေ ၁၈

ဧရာဝတီတိုင်း ဒေသကြီး ကျောင်းကုန်းမြို့၌ စားသုံးသူပြည်သူများ စားအုန်းဆီကို သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်စေရန် အမှတ်(၂) ရပ်ကွက်မီးသတ်ရုံးအနီး၌ယမန်နေ့နံနက်ပိုင်းက ရောင်းချပေးခဲ့သည်။



အဆိုပါ စားအုန်းဆီရောင်းချပေးရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊မြို့နယ်စည်ပင်သာယာရေး အဖွဲ့နှင့် မြို့နယ်ဆီလုပ်ငန်းရှင်များအသင်းတို့က စားအုန်းဆီ ပိဿာ ၃၃၀ ကို အိမ်ထောင်တစ်စုလျှင် ၅၀ ကျပ်သားနှုန်းဖြင့် ဈေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## ပြင်ဦးလွင်ခရိုင်အားကစားကွင်း၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်

ပြင်ဦးလွင် မေ ၁၈

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးဌာနက ခရိုင်အားကစားကွင်းအတွင်း မီးဘေးလုံခြုံရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် သွားရောက်စစ်ဆေးသည်။



ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ဆန်း ဦးဆောင်၍ တပ်ဖွဲ့ဝင်များနှင့် ခရိုင်အားကစားမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးကိုကိုတို့က ပြင်ဦးလွင်ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနရှိ အားကစားရုံများ၊ စားရိပ်သာဆောင်များ၊ ရုံးခန်းများနှင့် ပွဲကြည့်စင်များကို မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများ စစ်ဆေးပြီး ဝန်ထမ်းအိမ်ရာများတွင် မီးဖိုမီးကို စနစ်တကျ အသုံးပြုရန်နှင့် မီးလောင်မှုဖြစ်ပွားပါက ဆောင်ရွက်ရမည့် အချက်များကို အသိပညာပေးဟောပြောကာ မီးသတ်ဆေးဘူး အသုံးပြုနည်းများ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရွှေသောင်ယံမြို့၌ LNG သုံး ဓာတ်အားပေးစက်ရုံနှင့် မီးလင်းဂျိုင် - ရန်ကုန် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည်



ပုသိမ် မေ ၁၈

ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ မီးလင်းဂျိုင်ဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ၁၃၉၀ မဂ္ဂါဝပ် LNG သုံး ဓာတ်အားပေးစက်ရုံနှင့် မီးလင်းဂျိုင်-ရန်ကုန် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းဆိုင်ရာအချက်အလက်များ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ MEE LIN GIANG ELECTRIC POWER COMPANY LIMITED က ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်ထံ ယနေ့မွန်းလွဲပိုင်းတွင် လာရောက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ကုမ္ပဏီတာဝန်ရှိသူများ၏ စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် ဌာနဆိုင်ရာများ၏ ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အသင်းတို့ကို ကြိုဆိုမိတ်ဆက်ခြင်းအခမ်းအနားသို့ တက်ရောက်၍ နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီးဝန်ကြီးများ၊ ကော့သောင်းခရိုင်အတွင်းရှိ ဒေသခံပြည်သူများ၊ မြို့မိမြို့ဖများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

ကော့သောင်း မေ ၁၈

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးသည် ယနေ့နံနက်ပိုင်းက ကော့သောင်းခရိုင်အတွင်းရှိ ဒေသခံပြည်သူများ၊ မြို့မိမြို့ဖများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် လုပ်ငန်းရှင်များသည် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အရေးပါသောမောင်းနှင်အားများဖြစ်ပြီး ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်စေရန်အတွက် အစိုးရ၏ ကြိုးပမ်းမှုသာမက ဒေသခံများ၏ ပူးပေါင်းပါဝင်မှုသည် အလွန်အရေးကြီးသဖြင့် လိုအပ်ချက်နှင့် အခက်အခဲများကို တင်ပြပေးရန်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လက်တွေ့ကျကျ ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မြို့သာယာလှပရေး၊ ကျန်းမာရေးကဏ္ဍ၊ လမ်းတံတား၊ သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်း လိုအပ်ချက်များနှင့် အခက်အခဲများကို တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒလမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



ရန်ကုန် မေ ၁၈

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ရက်(၁၀၀)စီမံချက်ဖြင့် သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းတွင် ချောင်းဦးကျေးရွာ ညောင်ချောင်းကျေးလက်ကျန်းမာရေးဌာနခွဲ၌ ကွင်းဆင်းဆောင်ရွက်သည်။

ဒလမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းဝင်း၏ ဦးဆောင်မှုဖြင့် ခနုတ်ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ချောင်းဦးကျေးရွာရှိ သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ မျက်စိစစ်ဆေးပေးခြင်း၊ ဆီးချိုသွေးတိုး လူနာများအား ကုသမှုပေးခြင်း၊ ကူးစက်ရောဂါများနှင့် ပတ်သက်၍ Awareness Section ပြုလုပ်ပေးခြင်းနှင့် (၁၅)နှစ်အောက်ကလေးများ ကာကွယ်ဆေးထိုးနှံပြီးစီးမှု စာရင်းကောက်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ခင်စန္ဒာမြင့်(ပြန်/ဆက်)**

# မြောက်ဥက္ကလာပမြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

ရန်ကုန် မေ ၁၈

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ရက်(၁၀၀) စီမံချက်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြို့နယ်ရဲတပ်ဖွဲ့က ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောခြင်းကို ယနေ့နံနက်ပိုင်းတွင် ရွှေပေါက်ကံ မြို့သစ်ရပ်ကွက်၌ ပြုလုပ်သည်။

**အသိပညာပေးဟောပြော**

ထိုသို့ ဟောပြောရာတွင် မြောက်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မျိုးအောင်က မိမိတို့မြို့နယ်/ရပ်ကွက်များရှိ ပြည်သူများ အတူပါဝင်ဆောင်ရွက်ကြစို့ ဆောင်ပုဒ်နှင့်အညီ မှုခင်းကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။



ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အားလုံး

**သက်လွင်စိုး(ပြန်/ဆက်)**



# ကော့မှူးမြို့နယ်၌ တည်ဆောက်မည့် Check Gate နေရာ ကြည့်ရှု

ရန်ကုန် မေ ၁၈

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ခရိုက္ခနိကျေးရွာ အရှေ့မြောင်းပေါ်တွင် တည်ဆောက်မည့် Check Gate နေရာအား မေ ၁၄ ရက် မွန်းလွဲပိုင်းတွင် ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးသန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇင်ဟိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(အင်းစိန်) ဦးဝင်းထွန်းနိုင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။

ဆက်လက်၍ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက Check Gate ဆောင်ရွက်ခြင်းကြောင့် ရေအရင်းအမြစ်နည်းပါးသည့်အချိန်နှင့် စပါးပင်များ ရေအလွန်အမင်းလိုအပ်သည့်အချိန်တွင် မြောင်းအတွင်းရေကို ခေတ္တထိန်းသိမ်းသိုလှောင်ထားနိုင်သည့်အတွက် စပါးစိုက်တောင်သူများ ရေအလုံအလောက်ရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကျော်သူရ(ကော့မှူး)**



# မိုးညိုမြို့နယ်၌ စားအုန်းဆီအရောင်းဆိုင်များ ရည်ညွှန်းဈေးနှုန်းနှင့်အညီ ရောင်းချရေးစစ်ဆေး

မိုးညို မေ ၁၈

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်၌ Wilmar Myanmar ကုမ္ပဏီ၏ ဖြန့်ဝေမှုဖြင့် စားအုန်းဆီလက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိသည့် အရောင်းဆိုင်များကို တာဝန်ရှိသူများက မေ ၁၆ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖုန်းလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စားအုန်းဆီဖြန့်ဖြူးရောင်းချမှုကြီးကြပ်ရေးအဖွဲ့တို့ပူးပေါင်း၍ စားအုန်းဆီဖြန့်ဖြူးရောင်းချသူများအနေဖြင့် သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ဗီနိုင်းများချိတ်ဆွဲဖြန့်ဖြူးရောင်းချမှု ရှိ/မရှိ၊ အလေးချိန်မှန်ကန်မှု ရှိ/မရှိ၊ ဆီစာအုပ်များဖြင့် စနစ်တကျရောင်းချပေးရေးနှင့် ရရှိသော ဆီပိဿာချိန်ခွဲတမ်းများကို ပြည်သူများထံ အမှန်တကယ်ရောင်းချမှု ရှိ/မရှိ စစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **ကိုမင်း(ပြန်/ဆက်)**

○ **မြန်မာ့လက်ရွေးစင်မှ**

ထပ်မံခန့်အပ်ခဲ့ခြင်းဖြစ်သည်။ အသစ်ခန့်အပ်လိုက်သည့် ဂျပန်နည်းပြ မစ်ဆူအိုကာတိုကို နှစ်နှစ်စာချုပ်ဖြင့်ခန့်အပ်ခဲ့ပြီး ၎င်းသည် ထိုင်းလက်ရွေးစင် အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့တွင် လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်ခဲ့ဖူးသလို ဂျပန်၊ ထိုင်း ကလပ်အသင်းများတွင် နည်းပြချုပ်၊ နည်းစနစ်ဒါရိုက်တာ၊ နည်းစနစ်အကြံပေးအဖြစ် ဆောင်ရွက်ခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး နည်းပြသစ်အတွက် ပထမဆုံးနိုင်ငံတကာပြိုင်ပွဲအဖြစ် ဇွန်လဆန်းပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းပမည့် သုံးနိုင်ငံ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

# ၂၀၂၆ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station–(AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide($NO_2$)၊ Ozone($O_3$)နှင့် Carbon Monoxide (CO)စသည့် အဓိက Parameter (၆)မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့် နေရာအနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**



## လှိုင်ကော်မြို့၌ FDA ခွင့်ပြုချက်မရှိသော ကုန်ပစ္စည်းများ ရောင်းချမှုမရှိစေရေး စစ်ဆေး

**လှိုင်ကော် မေ ၁၈**

ကယားပြည်နယ် လှိုင်ကော်မြို့၌ ပြည်သူ့အတွက် ရက်(၁၀၀) စီမံချက်ဖြင့် FDA ခွင့်ပြုချက်မရှိသော ကုန်ပစ္စည်းများ ဈေးကွက်အတွင်း ရောင်းချမှုမရှိစေရေးအတွက် ယနေ့မွန်းလွဲပိုင်းက လှိုင်ကော်မြို့ သီရိမင်္ဂလာဈေး၌ MLV နယ်လှည့်ဓာတ်ခွဲယာဉ်ဖြင့် မြေပြင်ကွင်းဆင်း စစ်ဆေးခြင်းကို ဆောင်ရွက်သည်။

ထိုသို့စစ်ဆေးရာတွင် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးသိန်းက ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သော အစားအသောက်များကိုသာ ရောင်းချရန်၊ တရားမဝင် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်များအား ရောင်းချခြင်းမပြုရန် အသိပညာပေးဆွေးနွေးပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ပြည်နယ်တာဝန်ခံ ဦးရဲမိုးဦးက အစားအသောက်နမူနာများအား MLV နယ်လှည့်ဓာတ်ခွဲယာဉ်ဖြင့် ဓာတ်ခွဲစစ်ဆေးသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးခြင်းကို ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်များ၊ စားသောက်ကုန်များ၊ သောက်ရေသန့်လုပ်ငန်းများကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**မေစု(ပြန်/ဆက်)**

## ကျောက်တန်းမြို့နယ်၌ မျိုးစပါးနှင့် ဓာတ်မြေဩဇာများအား ပေးအပ်

**ကျောက်တန်း မေ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သမဝါယမဦးစီးဌာနမှ ရက်(၁၀၀)စီမံချက်ဖြင့် အသင်းတောင်သူများအား မျိုးစပါးနှင့် ဓာတ်မြေဩဇာများပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက သမဝါယမအသင်းစုခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်က အသင်းသားတောင်သူများအား မျိုးစပါးနှင့် ဓာတ်မြေဩဇာများပေးအပ်ခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက အသင်းသားတောင်သူများကိုယ်စား စွမ်းအားရှင် လယ်/ ထွေ သမဝါယမအသင်းဥက္ကဋ္ဌထံသို့ မျိုးစပါးနှင့်



ဓာတ်မြေဩဇာများ ပေးအပ်သည်။

အခမ်းအနားသို့ ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမင်းမိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်နှင့် ဌာနဆိုင်ရာများ၊ အသင်းသားတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန့်ဇင်ထွန်း(ကျောက်တန်း)**

## မြန်အောင်မြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်

**မြန်အောင် မေ ၁၈**

ဧရာဝတီတိုင်း ဒေသကြီး မြန်အောင်မြို့နယ် မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း အမှတ်စဉ် (၁/၂၀၂၆)ဖွင့်ပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်



ဦးစီးမှူး ဦးတင်မောင်မြင့်က သင်တန်းဖွင့် အမှာစကား ပြောကြားပြီး မြို့နယ်မီးသတ် ဦးစီးမှူး ဦးရဲအောင်က သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် မီးသတ်ဆေးဘူး အမျိုးမျိုးအကြောင်း၊ ရေးဦးမီးငြိမ်းသတ်ရေး၊ အပေါ့စားမီးသတ်စက်များ၊ မီးသတ်ယာဉ်များအကြောင်း စာတွေ့၊ လက်တွေ့ သင်ကြား ပို့ချသွားမည်ဖြစ်ရာ သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ပြီး မေ ၁၈ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**စူပါဦး**

## ကန်ကြီးထောင့်မြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်

**ကန်ကြီးထောင့် မေ ၁၈**

ဧရာဝတီတိုင်း ဒေသကြီး ကန်ကြီးထောင့်မြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ ယနေ့နံနက်ပိုင်းက (၁/၂၀၂၆)သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးမြင့်အောင်က အမှာစကား ပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးအရာရှိ ဦးမျိုးမြင့်စိုးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်



ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို မေ ၁၈ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး ရှေးဦးမီးငြိမ်းသတ်ရေး ပစ္စည်းများဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သင်ခန်းစာများကို လေ့ကျင့်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးဟိန်းထက်**

## ဖျာပုံမြို့၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

**ဖျာပုံ မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေးခြင်းကို မေလဒုတိယပတ်က ဖျာပုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စတင်ထုတ်ချေးပေးကြောင်း သိရသည်။

ဦးစွာ ဖျာပုံမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက အမှာစကား ပြောကြားသည်။

ထို့နောက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးမှုများကို ဖျာပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စိုးစိုးရီ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ဝင်းအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်ပပဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ခင်ဝေနှင့် တာဝန်ရှိသူများက မင်းလှစုကျေးရွာနှင့် ဘန့်ဘွေးစုကျေးရွာတို့မှ တောင်သူ ၂၃ ဦးတို့အား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခဲ့ကြသည်။

ဖျာပုံမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အနေဖြင့် ယခုနှစ်တွင် စပါးတစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှုန်း တိုးမြှင့်ထုတ်ချေးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ချင်းပြည်နယ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတား၊ ရေပေးရေးနှင့်မြေထိန်းနံရံ . လုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၁၈ -၅-၂၀၂၆ (တနင်္လာနေ့)
(ခ) တင်ဒါလျှောက်လွှာ ရောင်းချမှု ပိတ်မည့်ရက် - ၃၁-၅-၂၀၂၆ (တနင်္ဂနွေနေ့)
(ဂ) တင်ဒါအကြို ရှင်းလင်းမည့်ရက် - ၂၆-၅-၂၀၂၆ (အင်္ဂါနေ့) (အပြောင်းအလဲရှိပါက ထပ်မံအသိပေးပါမည်)
(ဃ) တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက် - ၂-၆-၂၀၂၆ (အင်္ဂါနေ့)
(င) တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်နှင့် နေရာ - ထပ်မံအသိပေးပါမည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များအသေးစိတ်သိရှိလိုပါက လူကိုယ်တိုင်(သို့) ရုံးချိန်အတွင်း တယ်လီဖုန်းနံပါတ် ၀၇၀-၂၂၅၅၀ နှင့် ၀၉-၂၅၈၉၄၆၆၃၃ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး တင်ဒါလျှောက်လွှာများနှင့် စည်းကမ်းချက်များကို ချင်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**တင်ဒါကော်မတီ**

## မွန်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွန်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ၊ ပြည်ထောင်စု/ပြည်နယ် (ငွေလုံး/ငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း/ တံတားလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကျေးလက်လမ်းဖွံ့ ဖြိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မော်လမြိုင်ခရိုင်၊ ဖုန်းနံပါတ်(၀၉- ၄၂၃၇၁၂၆၈၅)နှင့် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ သထုံခရိုင်၊ ဖုန်းနံပါတ်(၀၉- ၄၂၈၁၉၁၆၆၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင် လာရောက်၍လည်းကောင်း မေးမြန်းနိုင်ပါသည်။

၃။ (က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၂၈ - ၅ - ၂၀၂၆
(ခ) တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်နှင့် တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်) - ၁၁ - ၆ - ၂၀၂၆
(ဂ) လုပ်ငန်းတင်ဒါ ဖွင့်လှစ်မည့်ရက်- ၁၂ - ၆ - ၂၀၂၆
(ဃ) တင်ဒါလျှောက်လွှာ ဝယ်ယူ/တင်သွင်း နိုင်သည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ မော်လမြိုင်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ သထုံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

**တင်ဒါကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ သာယာကုန်း ကျေးရွာ၊ ကွင်းအမှတ် (၉၈၈-က)၊ ကွင်းအမည် - သာယာကုန်းကွင်း ၊ ဦးပိုင်အမှတ် (N/၃၉/စ)၊ မြေလုပ်ကိုင်သူအမည်- ဦးလင်းလင်းဦး အမည်ဖြင့် မြေခွန်ပြေစာ ထွက်ရှိထားသော မြေဧရိယာ (၀.၁၀)ဧကရှိ မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းရှင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိသူဖြစ်သော - ဦးလင်းလင်းဦး (ဘ) ဦးမြင့်စော [၁၄/ပသန (နိုင်) ၁၉၅၃၄၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးထွန်းထွန်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မဉ္ဇူအေးသိန်း (LL.B)** **ဒေါ်ဝင်းမာဦး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၂၂၅၇)** **(အထက်တန်းရှေ့နေ)(စဉ်-၅၇၀၂၁)**
**(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့နယ်၊**
**၀၉-၅၀၄၁၄၈၃ ၊ ၀၉-၄၃၀၂၃၃၂၁**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကညော့်ကျေးရွာ၊ ရပ်ကွက်(၁၃)၊ အိမ်အမှတ်(၉၇)၊ ဦးမျိုးမင်းထွန်း [၁၀/ခဆန(နိုင်)၀၆၃၃၅၅]နှင့် ဒေါ်ညို [၁၀/ခဆန(နိုင်) ၀၆၄၉၆၄]တို့၏ သမီးဖြစ်သူ မဇင်ပွင့်ညို [၁၀/ခဆန(နိုင်) ၁၃၅၃၈၉] ကိုင်ဆောင်သူသည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးမင်းထွန်း+ဒေါ်ညို**

## ဥတု ရာသီ တောကို မှီ၏

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ်(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ရှမ်းပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါစတင်ရောင်းချမည့်ရက် - (၁၉-၅-၂၀၂၆)ရက်၊ အင်္ဂါနေ့
(ခ) တင်ဒါရောင်းချမှုပိတ်သိမ်းရက် - (၂၆-၅-၂၀၂၆)ရက်၊ အင်္ဂါနေ့
(ဂ) တင်ဒါ(နောက်ဆုံး) တင်သွင်းရမည့်ရက် - (၂၇-၅-၂၀၂၆)ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ (၁၆:၃၀)နာရီ
(ဃ) တင်ဒါဖွင့်လှစ်မည့်ရက် - ထပ်မံကြေညာသွားပါမည်။
(င) တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ - ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ ရှမ်းပြည်နယ်(တောင်ပိုင်း/ မြောက်ပိုင်း/အရှေ့ပိုင်း)၊
(စ) တင်ဒါတင်သွင်းရမည့်နေရာ - ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့

၂။ အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ် (တောင်ပိုင်း/မြောက်ပိုင်း/ အရှေ့ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသို့ ရုံးချိန် အတွင်း ဆက်သွယ်စုံစမ်း နိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း- ၀၈၁-၂၁၂၅၇၃၅/၀၉-၂၆၅၃၅၇၅၁၄/၀၈၄-၂၀၂၁၆၇၆

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကယားပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာန ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ(ငွေလုံးငွေရင်း)ဖြင့် ဆောင်ရွက်မည့် ကျပ်သန်း(၃၀၀)အထက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား
## တင်ဒါကြော်ငြာခေါ်ယူခြင်း

၁။ ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုသည့် ကျပ်သန်း(၃၀၀)အထက် မီးလင်းရေး၊ ရေပေးရေးနှင့် လမ်း တည်ဆောက်ရေးလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်၊ ကုမ္ပဏီများအား တင်ဒါသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါတင်သွင်းမည့် နေရာ - ကယားပြည်နယ်စည်ပင်သာယာရေး အဖွဲ့ရုံး
(ခ) လိပ်မူရမည့်ပုဂ္ဂိုလ် - ဥက္ကဋ္ဌ၊ တင်ဒါကော်မတီ
(ဂ) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - (၅-၅-၂၀၂၆)မှ (၅-၆-၂၀၂၆)ထိ (ရုံးချိန်အတွင်းသာ)
(ဃ) တင်ဒါလျှောက်လွှာ ပိတ်သိမ်းမည့်ရက် - (၅-၆-၂၀၂၆)ရက်နေ့ ညနေ(၁၆:၀၀)နာရီ
(င) တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ - ကယားပြည်နယ်စည်ပင်သာယာရေး အဖွဲ့ရုံး
(စ) တင်ဒါဖွင့်မည့်နေ့ရက် - ဆက်သွယ်အကြောင်းကြားပါမည်။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံးဖုန်း (၀၉-၂၆၀၄၂၈၀၉၂၊ ၀၉- ၄၂၈၀၀၄၄၈၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ပတ္တမြားလမ်း၊ တိုက်(၁၅၄)၊ အခန်း (ခေါင်းရင်း) ၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၊ (၅-လွှာ)၊ အကျယ်အဝန်း (၁၂ပေx ၅၀ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အစပ်အဆက်စာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုတရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝေယံမိုး [၁၄/ဟသတ(နိုင်) ၂၆၉၂၀၆] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်း အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဇေယျ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကြည်ကြည်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၂၀၁)**
**အမှတ် (၂၃၁)၊ ၄ဝါလမ်း၊ စောမြောက်ရပ်ကွက်၊ အလုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၉၃၅၆၆၃၁၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၅)၊ ဦးပိုင်အမှတ်(၂၆)၊ ၆၅x၆၆ လမ်းကြား၊ ၁၃၂x၁၃၃ လမ်းကြားရှိ မြေကွက်အား ဂရန်အမှုတွဲအမှတ် (၁၃၈၉/၉၄-၉၅)အရ ဦးကျော်ညွန့် မှတ်ပုံတင်အမှတ်[၉/မရမ(နိုင်)၀၁၂၉၈၁] အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးမောင်မောင်စိုး မှတ်ပုံတင်အမှတ်[၉/မရမ(နိုင်)၀၆၂၆၆၄]မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမြန်ငှားမည်

နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာမြို့နယ် ၂ထပ် RC (80x80)ပေ

**ဆက်သွယ်ရန်**
**09-5120747**
**09-254191304**

## အမည်ပြောင်း

ဦးမျိုးမင်းလတ် [၈/ပခက(နိုင်) ၁၄၂၁၈၂]၏သမီး သာကေတမြို့နယ်၊ အ.မ.က(၁၅)အခြေခံပညာ မူလတန်းကျောင်းမှ Grade-5 ကျောင်းသူ မတေးသံစဉ်မျိုးအား မတေးအိန္ဒြေမျိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မတေးအိန္ဒြေမျိုး**

## ပတ်စ်ပို့ ပျောက်ဆုံးကြောင်း

ဦးကျော်ကျော်နိုင်(ဘ) ဦးကျော်စွာ [၁၄/မမန (နိုင်) ၃၄၉၄၀၇] ကိုင်ဆောင်သူ၏ Passport Number (မမှတ်မိ)စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၆၇၈၄၇၈၈၁၃၉၊ ၀၉-၇၆၆၄၀၅၀၈၁**

## ပြောင်းလဲခေါ်ပါရန်

(ဘ) ဦးဇေသူဖြိုး [၁၂/ဥကမ(နိုင်) ၂၃၃၀၀၆]၏သား ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့၊ ဘဝရှေ့ဆောင်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-2 တွင် ပညာသင်ယူနေသည့် အက်(စ်)အိုင်ဗန်ထွန်းအား ယနေ့မှစ၍ အက်(စ်) အိုင်ဗန်ဟု ပြောင်းလဲခေါ်ပါရန်။

**အက်(စ်)အိုင်ဗန်**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်း ဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့၊ ဘဝရှေ့ဆောင် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-2 တွင် ပညာသင်ယူနေသည့် အက်(စ်) အိုင်ဗန်၏ ဖခင်အမည်မှန်မှာ ဦးဇေသူဖြိုး [၁၂/ဥကမ (နိုင်) ၂၃၃၀၀၆] ဖြစ်ပါကြောင်း။

**ဦးဇေသူဖြိုး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ ပန်းလှိုင်တာဝါရှိ အခန်းအမှတ် (၆၀၅)ကို ဝယ်ယူထားသူ ဦးသက်ညီမျိုးသန်း [၁၀/မလမ(နိုင်) ၁၃၁၂၇၂]မှ ၎င်း၏အမည်ဖြင့် ပိုင်ဆိုင်မှုစာအုပ် (Owner Book) ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၅၊မြေကွက်အမှတ်-၁၀၇၉/က၊ဧရိယာ(၁၂၀၀)စတုရန်းပေမြေကွက်တည်နေရာအမှတ်(၁၀၇၉/က)ရွှေဘို(၁၃)လမ်း၊(၅)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ဒေါ်တင်တင်မိုး(၁၀/သထန(နိုင်)၀၂၄၀၉၃)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်အမည်ပေါက်ဒေါ်တင်တင်မိုးကိုယ်တိုင်မှဂရန်၊နိုင်/ကတ်၊ဝန်ဆောင်ခတို့တင်ပြ၍ပါမစ်ပျောက်ဖြင့်ထုတ်ပေးထားသောဂရန်တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာမှုအပေါ်တရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ကိုယ်စား)**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန မီးငြိမ်းသတ်ရေးနှင့်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်အတွက်
## တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန၊ ၂၀၂၆-၂၀၂၇ ခုဘဏ္ဍာရေးနှစ် ပစ္စည်းဝယ်ယူရေးလုပ်ငန်း (၆)မျိုးအတွက် ရှမ်းပြည်နယ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေရရှိပြီးဖြစ်ပါ၍ လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းကုမ္ပဏီလုပ်ငန်းရှင်များမှ တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း အထောက်အကူပြုလုပ်ငန်းသုံးပစ္စည်းများ**

| စဉ် | စက်ပစ္စည်းအမျိုးအစားများ | အရေအတွက် |
|---|---|---|
| ၁ | Remote Manpack System | ၁ စုံ |
| ၂ | 191- Software (Admin Mobile Application Androids 191 Admin Mobile Application fir IOSUnlimited Admin Account) | ၁ စုံ |
| ၃ | Admin Application for Hardware Hardware- power Edge Server Druve bays:2.5"Chassis with up to 4 SATA/NVME Hard Drives Processor: 2x Intel Xeon Silver 4309 Y Processor | ၁ စုံ |
| ၄ | EV Rated Fire Blanket | ၃ ခု |
| ၅ | Hydraulic Toe Jack with Hand Pump and Hose (Holmatro, Netherlands) | ၁ စုံ |
| ၆ | Stabilzing,Cribbing,Shifting and Shoring | ၁ စုံ |

၂။ တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်/အချိန် - (၁၉-၅-၂၀၂၅)ရက်နေ့မှ(၂-၆-၂၀၂၅) နေ့ထိ နေ့စဉ်နံနက် (၀၉:၃၀)မှ ညနေ (၁၆:၃၀)နာရီ
တင်ဒါပိတ်မည့်ရက်/အချိန် - (၂-၆-၂၀၂၅)ညနေ(၁၆:၃၀)နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - အကြောင်းကြားပါမည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်-

ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန၊ တောင်ကြီးမြို့၊ ၀၈၁-၂၁၂၁၆၇၁/ ၀၈၁-၂၀၆၈၁၀/၀၈၁-၂၀၆၈၂၂

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## လူတစ်ဦးတည်းဖြစ်ကြောင်း

ကျွန်မ ဒေါ်သင်းသင်းလှိုင် (ခ) မရီယမ်ဘီဘီ [၁၂/ပဘတ(နိုင်)၀၃၆၄၃၆]၏ အမည်ရင်းမှာ သင်းသင်းလှိုင်နှင့် မရီယမ်ဘီဘီ (ခ) သင်းသင်းလှိုင်ဟု အမည် (၂)မျိုးဖြစ်သော်လည်း လူတစ်ဦးတည်းဖြစ်ပါသည်။ ထို့အတူ ကျွန်မ၏ မိခင်အမည်မှာ ဒေါ်စုစုလှိုင်နှင့် ဖာတမာဘီဘီ(ခ)စုစုလှိုင်ဟု အမည် (၂)မျိုးဖြစ်သော်လည်း လူတစ်ဦးတည်းဖြစ်ပြီး၊ ဖခင်အမည်မှာ ဦးမောင်မောင် ဟုလည်းကောင်း၊ မောင်မောင်(ခ)အဟာမက်(ဒ်)နှင့် အဟာမက်(ခ)မောင်မောင်ဟုလည်းကောင်း အမည် (၃)မျိုးဖြစ်သော်လည်း လူတစ်ဦးတည်းဖြစ်ပါသည်။

**ဒေါ်သင်းသင်းလှိုင် (ခ) မရီယမ်ဘီဘီ**
**[၁၂/ပဘတ (နိုင်) ၀၃၆၄၃၆]**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ (ယခင်-တောင်ပိုင်းခရိုင်)၊ ယခု-တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်းဧရိယာအတွင်း (၂၃-၁-၂၀၂၀) ခုနှစ် ထုတ်ပေးသော - ပြန်လည်နေရာချထားသည့်အုပ်စု (RA) (RA-1) အကွက်အမှတ် (တ-၀၂)

၁။ ယာယီမြေပေးမိန့်အမှတ် (၂၉၇၈)၊ မြေကွက်အမှတ် (၂၉၆၅)၊ အကျယ်အဝန်း (၄၀ ပေx ၆၀ ပေ)ရှိ မြေကွက်၊
၂။ ယာယီမြေပေးမိန့်အမှတ် (၂၉၇၉)၊ မြေကွက်အမှတ် (၂၉၆၆)၊ အကျယ်အဝန်း (၄၀ ပေx ၆၀ ပေ)ရှိ မြေကွက်

အထက်ဖော်ပြပါ မြေကွက်(၂)ကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတရားဝင်အမည်ပေါက်ပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းကြည် [၁၂/တတန(နိုင်) ၀၆၅၄၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၄၁၁)**
**အမှတ် (၁၈)၊ ဥက္ကာ(၁)လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၄၂၂၉၆**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ (ယခင်-တောင်ပိုင်းခရိုင်)၊ ယခု-တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်းဧရိယာအတွင်း ယာယီမြေပေးမိန့်အမှတ် (၁၁၇၉-၂၀၂၀)အရ ကွင်းအမှတ် (၀၁)၊ ပြန်လည်နေရာချထားသည့်အုပ်စု (RA) (RA-1) အကွက်အမှတ် (တ-၀၂)၊ မြေကွက်အမှတ် (၁၁၇၅)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိသာလျှင် တရားဝင်အမည်ပေါက် ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကြည်အေး [၁၂/တတန (နိုင်) ၁၁၂၈၈၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက် နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသွယ်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၅၃၅)**
**ဖုန်း - ၀၉-၄၂၀၀၁၉၈၂၄**

## နယ်စပ်ရေးရာဝန်ကြီးဌာန
## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ဟားခါး)၊
## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းတင်ဒါနှင့်ပစ္စည်းတင်ဒါများခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ဟားခါး)၏ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ၏ လုပ်ငန်းတင်ဒါနှင့် ပစ္စည်းတင်ဒါလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည် -

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - ၁၉-၅-၂၀၂၆ရက်နေ့(အင်္ဂါနေ့) |
| (ခ) | တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက် | - ၁-၆-၂၀၂၆ ရက်နေ့ ညနေ (၁၆:၃၀) နာရီချိန်ထိ |
| (ဂ) | တင်ဒါအာမခံကြေး ၁% (မူရင်း) တင်သွင်းမည့်ရက် | - ၂-၆- ၂၀၂၆ ရက်နေ့ ညနေ(၁၆:၃၀) နာရီချိန်ထိ |
| (ဃ) | တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက် | - ၂-၆-၂၀၂၆ ရက်နေ့ နံနက်(၀၉:၃၀)မှ (၁၆:၃၀) နာရီချိန် |
| (င) | တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ | - ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ် ရေးရုံး၊ မြို့နယ်စုပေါင်းရုံး၊ ဟားခါးမြို့။ |
| (စ) | တင်ဒါဖွင့်မည့် နေရာ/ရက်/အချိန် | - ထပ်မံကြေညာပါမည်။ |

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်ပုံစံများကို ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ဟားခါး) ဖုန်းနံပါတ်-၀၇၀-၂၁၅၈၅ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ထိန်စွန်းကျေးရွာ၊ ကွင်းအမှတ်(၅၂၁-B)၊ ကိုးလုံးအရှေ့ကွင်း၊ ဦးပိုင်အမှတ်(၃၀/၆) ဒေါ်လှကြည် အမည်ဖြင့် မြေခွန်ပြေစာထွက်ရှိထားသော ထိန်စွန်း(၅)လမ်း၊ ဧရိယာအတွင်း အလျား(၁၇၀)ပေ x အနံ(၁၆၀)ပေအတွင်းမှ ခွဲစိတ်၍ အလျား(၂၄)ပေ x အနံ(၁၀၀)ပေမြေကွက်၏ မြေပေါ်အကျိုးခံစားခွင့်အားလုံးကို ဦးဝင်းသန်း[၁၂/မဘန(နိုင်)၀၂၉၃၀၁]က လက်ရောက်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနိုင်ဦး[၁၂/ဒဂတ(နိုင်)၀၃၆၃၁၄]နှင့် ဒေါ်အိမွန်ဖြိုး[၁၂/အစန(နိုင်)၁၄၉၄၅၅]တို့က ဝယ်ယူရန်အတွက်ယုံကြည်စွာရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနိုင်ဦးနှင့် ဒေါ်အိမွန်ဖြိုးတို့၏ ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထူးသဉ္ဇာဦး (LL.B,CBL,DBL)(DL-101 WIPO Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၈၃)**
**အမှတ်-၃၂၀၊ ဘုရင့်နောင်လမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၀၄၄၁၀၀၇၀၊ ၀၉-၇၈၇၀၈၀၃၃၇**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တွံ့တေးမြို့နယ်၊ ပိတ်စွယ်ကျေးရွာအနောက်ပိုင်းနေ ဒေါ်လှ[၁၂/တတန(နိုင်)၂၈၆၀၇၅]၏ သားဖြစ်သူ မောင်ဇင်မင်းခန့်[၁၂/တတန(နိုင်)၂၉၀၂၇၂]သည် မိခင်အား စိတ်သောကဖြစ်အောင် ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါ၍ ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဒေါ်လှ [၁၂/တတန(နိုင်)၂၈၆၀၇၅]**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ ရပ်ကွက်၊ အကွက်အမှတ်၊ ပ-၃၊ ဦးပိုင်အမှတ်-၉၉/ ၆၀ လမ်း၊ ၄၁x၄၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မျိုးစု[၉/မမန(နိုင်)၀၀၇၉၆၃]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၃၈၉/၂၀၁၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမောင်မောင်လေး [၉/လဝန(နိုင်)၁၁၂၅၅၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ အလူးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၃၂၈/ခ)၊ တဲဝါကလုတောင်ကွင်း၊ ဦးပိုင်/မြေကွက်အမှတ် (၇/၁)၊ မြေဧရိယာ(၄.၇၀)ဧကရှိ စက်သုံးဆီအရောင်းဆိုင်နှင့်မြေကွက်၊ အဆောက်အဦအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

